ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ သောကြာနေ့၊ (25-5-2007) (၅၃၂၈)

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဂျင်တီးနားနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်  မေ  ၂၅

၂၀၀၇ခုနှစ် မေ ၂၅ရက်တွင် ကျရောက်သော အာဂျင်တီးနား သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အာဂျင်တီးနားသမ္မတ နိုင်ငံ သမ္မတ မစ္စတာ နက်စတာ ကားလို့စ်ကာချပ်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြခင်း-ပခုက္ကူ မီးရထားလမ်း (ဆိပ်ဖြူ-ပခုက္ကူလမ်းပိုင်း)ဖောက်လုပ်မှု မကွေးတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးရေး၊ ဒေသနှင့်ကိုက်ညီသည့်အပင်များ တိုးချဲ့စိုက်ပျိုးရေး မှာကြား

နေပြည်တော်  မေ  ၂၄

**မကွေးတိုင်း မင်းဘူးခရိုင် စလင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၃ ရက် နံနက် ၇ နာရီ ၁၀ မိနစ်တွင် စလင်းမြို့ နယ်မြေခံတပ်နယ်မိသားစု၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးသည်။**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များသည် တပ်မိသားစုများအား ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများပေးအပ်၍ ပျိုးအိတ်များ အတွင်း မျိုးစေ့နှင့် ပျိုးကိုင်းများ ပျိုးထောင်ပေးပြီး ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးပေးကြသည်။ ထို့နောက် တပ်နယ်မိသားစုများ ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့ကျင်းပသည့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတွင် မြေငါးကေ၌ ခြံစည်းရိုးကြက်ဆူပျိုးပင် ၆၀၀၀ ကို စိုက်ပျိုးခြင်းဖြစ်ပြီး ယခင်စိုက်ပျိုးပြီးဧက ၉၀ အပါအဝင် စုစုပေါင်း ၉၅ ဧက၊ အပင်ပေါင်း ၁၁၄၀၀ စိုက်ပျိုးပြီးကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စလင်းမြို့ တပ်နယ်မိသားစုများအား တွေ့ဆုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စလင်းမြို့နယ်ရှိ တညောင်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေတင်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**ကြေးမုံ The Mirror**

**ဆောင်းပါး အညွှန်း**

***"နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ ပကတိအရှိဘဝတွေနဲ့ ပြောင်းလဲဖြစ်ပေါ် တိုးတက်နေတဲ့ အမျိုးသား နိုင်ငံရေးသမိုင်းစဉ်တရားကို ဆန့်ကျင်ငြင်းပယ်ပြီး ၁၉၈၈ ခုနှစ်ကလို မင်းမဲ့စရိုက် သောင်းကျန်းမှုမျိုးဖြစ်လာအောင် ဆိုင်းဘုတ်ထောင်လူစုပြီး ဆူပူအုံကြွလာအောင် သိမ်းသွင်းစည်းရုံး လှည့်ဖြားလို့ မရတော့ဘူး"***

ပေါက်စ၏ **"ဆိုင်းဘုတ်ထောင်လူစုပြီး ဆူပူတဲ့ခေတ်ကုန်ပြီ"** (ဆောင်းပါး)

စာမျက်နှာ–၆၊၇

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror

၂၅-၅-၂၀၀၇
(သောကြာနေ့)

## ပုံမှန်ကုန်သွယ်မှု ဖွံ့ဖြိုးရေးကြိုးပမ်း
## အဓိကပို့ကုန် ၁၀မျိုး ပိုမိုတိုးချဲ့တင်ပို့

ကုန်သွယ်မှုသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားဖြစ်သည်နှင့်အညီ မြန်မာ့ထွက်ကုန်များ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရန် ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ အထူးသဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်တို့ကို ချုပ်ဆိုလုပ်ကိုင်လျက်ရှိသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကြီးကို ၂၀၀၆ ခုနှစ် ဧပြီလက စတင်ဖွင့်လှစ်ခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ပစ္စည်းများ တွင်ကျယ်စွာ ရောင်းဝယ်တင်ပို့လျက်ရှိသည်။ အဆိုပါ ကုန်သွယ်ရေးဇုန်သည် နယ်စပ်ကုန်သွယ်ရေးစခန်းများအနက် အကြီးဆုံးဖြစ်ပြီး ပို့ကုန်၊ သွင်းကုန်လုပ်ငန်း အများဆုံး လုပ်ကိုင်လျက်ရှိသည်။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါရုံမျှမက အရှေ့တောင်အာရှနှင့် အရှေ့အာရှနိုင်ငံများအကြား မဟာဗျူဟာကျသော စီးပွားရေးဇုန်နေရာလည်းဖြစ်သည်။

မြန်မာနိုင်ငံ မူဆယ် ၁၀၅ မိုင် စခန်းမှ ပဲတီစိမ်း၊ ရော်ဘာ၊ ရေခဲငါး၊ ရေခဲပုစွန်၊ ပဲယဉ်း၊ ပဲလွမ်းဖြူ၊ နှမ်းဖြူ၊ ငါးလေးခြောက်၊ ရေရှူနှင့် ပဲတီစိမ်းလုံးခြမ်းသေး စသည့် အဓိကပို့ကုန်များကို ဦးစားပေးတင်ပို့လျက်ရှိသည်။ ထို့အပြင် ရေခဲငါး၊ ငါးရှဉ့်၊ ကဏန်းနှင့် သရက်သီးတို့သည်လည်း ဈေးကွက်ရရှိပြီးဖြစ်၍ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်က ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် အားပေးကူညီလျက်ရှိသည်။ သက်ဆိုင်ရာ ကုန်သည်ကြီးများအသင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များကလည်း နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်စေရေး၊ ပုံမှန်ကုန်သွယ်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိရေးနှင့် နိုင်ငံတော်မှ အခွန်အခများ အပြည့်အဝရရှိစေရေး လက်တွဲကြိုးပမ်းကြရမည်ဖြစ်သည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၏ ရောင်းဝယ်တင်ပို့မှုလုပ်ငန်းများသည် ဈေးကွက်ကျယ်ပြန့်လာပြီး သွက်လက်လျက်ရှိသည်။ အောင်မြင်ဖြစ်ထွန်းမှု အလားအလာကောင်းများ ရရှိနေပြီဖြစ်သည်။ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ကုန်သွယ်ရေးမူဝါဒနှင့်အညီ ဈေးကွက်ရှိသော ပို့ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ပုံမှန်ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်လာမည် ဖြစ်ပါသည်။ ။




### ပေးအပ်လှူဒါန်း

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၂) ရပ်ကွက် အောင်မြေသာလမ်းနေ (ဦးကြူဝင်း)အားရည်စူး၍ မွေးနေ့အလှူရှင် ဒေါ်လှအေး၊ သား၊ သမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် ၁၅၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တံတားဖွင့်ပွဲ တက်ရောက်အားပေး
## အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်/ကျေးရွာ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံမှာကြား

ရန်ကုန် မေ ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၂၁ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ရေကျော်ကျေးရွာ ကညင်ချောင်းကူးရေကျော်တံတား ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးသည်။





ရှေးဦးစွာ အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကိုကိုက တံတားတည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ တံတားကို ဖွင့်လှစ်ပေးပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါတံတားကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကြီးကြပ်မှုဖြင့် အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်၏ ထောက်ပံ့ငွေကျပ်၁၉၇သိန်းအကုန်အကျခံပြီး အလျား ၁၉၅ပေ၊ အကျယ် ၁၃ပေ၊ အမြင့်ပေ ၃၀ရှိ တံတားအဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် အင်္ဂပူမြို့နယ် မြို့မြောက် အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် အင်္ဂပူမြို့နယ် နောက်မီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးသည်။

ရှေးဦးစွာ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား၊ ကျောင်းသူကလေးများက ခန်းမအတွင်း၌ မြန်မာ့ကျောင်းသီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီး ကျောင်းဆောက်လုပ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်ဆောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ကြင်ဌေးက ပညာရေးနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက အမှတ်တရ ခရေပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ အလုပ်အမှုဆောင်များက စည်းရုံးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၉ ရက် ညနေပိုင်းတွင် ကြံခင်းမြို့နယ် ဧးပင်ကွင်း ကျေးရွာအုပ်စု ဖြိုးစည်သူ ထုတ်လုပ်မှုကုမ္ပဏီလီမိတက် ပုဂ္ဂလိကကျွန်း အထူးစိုက်ခင်း ဧက ၅၀၀၀ ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ဖြိုးစည်သူကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကိုကိုအေး၊ ဧရာဝတီတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ရှင်းလင်းတင်ပြကြပြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် နောက်မီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။** (သစ်တောရေးရာ)

ဆက်လက်၍ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားပြီး စိုက်ခင်းအတွင်း ပျိုးထောင်ထားရှိမှု၊ ပျိုးပင်များ စိုက်ခင်းအရောက် သယ်ယူမှု၊ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက စိုက်ခင်းအတွင်း အမှတ်တရ ကျွန်းပင်များ စိုက်ပျိုးပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**ရွှေပြည်သာစက်မှုဇုန် အပိုင်း(၂+၃+၄)အတွင်း မှုခင်းများ စွမ်းစွမ်းတမံဖော်ထုတ်ပေးသည့် ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးဝန်ထမ်းများ ဂုဏ်ပြုပွဲကို မေ ၁၉ ရက်က ကျင်းပရာ ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသန်းဌေး အင်းစိန်ရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းတာဝန်ခံ အရာရှိ ဒုရဲအုပ်အောင်မြင့်သိန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (က-ပ)

**သန်လျင်မြို့ သာသနာ့ဗိမာန်တော် တည်ဆောက်ရေးအတွက် စစ်ပင်ကွင်းကျေးရွာ ပုလဲရောင်ဆန်စက်မှ ဦးအောင်သန်း-ဒေါ်ကြည်အေး၊ သားကိုသန်းလွင်-မခင်လေး၊ သမီးမြတ်ဆုသွယ် မိသားစုက ဒုတိယအကြိမ် လှူဒါန်းငွေကျပ် ၁၀ သိန်းကို မေ ၂၀ ရက်က တည်ဆောက်ရေးအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(ငြိမ်း)နှင့် အဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



# နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ဆရာတော် သံဃာတော်များအား တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ဆွမ်းဆက်ကပ်လောင်းလှူ

ရန်ကုန် မေ ၂၄

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သာသနာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းစီမံဆောင်ရွက်ချက်အရ ပိဏ္ဍပါတ်ဆွမ်း အလှူခံကြွရောက်တော်မူကြမည့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိတ အမှူးပြုသော သင်ကြား၊ စီမံဆရာတော်များနှင့် စာသင်သား သံဃာတော်စုစုပေါင်းအပါး ၄၅၀တို့သည် ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ပိဋကတ်တိုက်ဝင်းအတွင်း၌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က ပိဏ္ဍပါတ်ဆွမ်း ဆက်ကပ်လောင်းလှူကြသည်။**



အဆိုပါ ဆွမ်းလောင်းလှူပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများက ဆွမ်းခဲဖွယ်ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ဆရာတော်၊ သံဃာတော်များသည် အခါအားလျော်စွာ သတ်မှတ်ထားသည့် ရပ်ကွက်အသီးသီးသို့ ဝိနည်းတော်နှင့်အညီ ဆွမ်းခံ ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဆက်ကပ်လောင်းလှူ

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) သင်ကြား၊စီမံ ဆရာတော်များနှင့် စာသင်သား သံဃာတော်များအား ပိဏ္ဍပါတ်ဆွမ်း ဆက်ကပ်လောင်းလှူစဉ်။**

(သတင်းစဉ်)



# မဟာစည် နာယကဆရာတော်ကြီးများ ပြည်ပ သာသနာပြုခရီး ကြွရောက်

**ရန်ကုန် မေ ၂၄**

ပြည်တွင်း ပြည်ပ သာသနာပြု မဟာစည် နာယကဆရာတော်ကြီးများဖြစ်ကြသော မြစ်သားဆရာတော် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသဝ၊ ညောင်ကန်အေး ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တကုန္ဒက၊ ရွှေမင်းဝံဆရာတော် မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ သောဘနနှင့် မဇ္ဈိမဂုဏ်ရည် ဆရာတော် ဓမ္မကထိက ဗဟုဇန ဟိတဓရ ကမ္မဋ္ဌာနာစရိယ သာသနတက္ကသီလ ဓမ္မာစရိယ ဒေါက်တာအရှင်ကောဝိဒတို့အား ပြည်ပသာသနာပြုခရီး မကြွရောက်မီ တပည့်ဒါယကာ၊ဒါယိကာမများ၏ နှုတ်ဆက်ပူဇော်ပွဲအခမ်းအနားကို မေ ၂၂ ရက် ညနေ ၅နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌ကျင်းပရာ မဟာစည်သြဝါဒခံ သာသနာ့ရိပ်သာအသီးသီးတို့မှ အမှုဆောင်များ၊ ယောဂီများနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ဆရာတော်ကြီးလေးပါးတို့အား ပူဇော်ကန်တော့ကြပြီး မြစ်သားဆရာတော် ဘဒ္ဒန္တဝါသဝက သြဝါဒကထာ မြွက်ကြားတော်မူသည်။

ယင်းနောက် မဟာစည်နာယက ဆရာတော်ကြီးလေးပါးတို့သည် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားတော်မူကြရာ**(အပေါ်ပုံ)** နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ တပည့်ဒါယကာ၊ ဒါယိကာမများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ဂါရဝပြု ပူဇော်ကြသည်။

အဆိုပါ မဟာစည် နာယက ဆရာတော်ကြီးလေးပါးတို့သည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ လောကချမ်းသာကျောင်းတိုက် ဆရာတော်နှင့် မြန်မာ-အမေရိကန် ဗုဒ္ဓဘာသာအသင်း အမှုဆောင်များ၏ ပင့်လျှောက်ချက်အရ နယူးဂျာစီပြည်နယ် မနာလပန်မြို့ အင်္ဂလစ်ရှ်တောင်းတွင် ရွှေတိဂုံစေတီတော်ပုံတူ တည်ထားကိုးကွယ်သည့် လောကချမ်းသာဆုတောင်းပြည့် စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲတို့သို့ ကြွရောက်ချီးမြှင့်ရန်နှင့် သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန်တို့ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# အနာဂတ်ရဲ့ ဗိသုကာ

- ❒ ကလေးများရဲ့ လက်ထဲတွင်
  အနာဂတ်ရဲ့ ပုံရိပ်ထင်၊
  သူတို့လိုအင် ဖြည့်ဆည်းပေး
  စိတ်ဓာတ် ကြံ့ခိုင်ရေး။
- ❒ ကလေးဆိုတာ ရတနာ
  အနာဂတ်ရဲ့ ဗိသုကာ၊
  ကြင်ကြင်နာနာ စောင့်ရှောက်ပေး
  ကျန်းမာ သန်စွမ်းရေး။
- ❒ ကလေးတို့ကို မြတ်နိုးပို
  ပြုစု ပေးဖို့လို၊
  အနာဂတ်ကို ပိုင်စိုးရေး
  လူချွန်လူမွန် ဖြစ်အောင်မွေး။
- ❒ ကလေးငယ်တွေ ပြုံးပန်းဝေ
  ပျော်မြူး နိုင်ပါစေ၊
  မေတ္တာရေအေး ဖျန်းပက်ပေး
  ရှင်လန်း ချိုကြည်မွှေး။
- ❒ ကလေးအရွယ် လူမမယ်
  အသိမကြွယ် ဉာဏ်မကျယ်၊
  နုနယ်ငယ်သွေး အသိမွေး
  ဉာဏ်ရည် မြှင့်လို့ပေး။
- ❒ အတွေးဉာဏ်ကျယ် အသိကြွယ်
  ပညာတတ်အောင် သင်ရမယ်၊
  ကျောင်းနေအရွယ် ကလေးတို့
  ပညာသင်ဖို့ ကျောင်းအပ်စို့။
- ❒ တစ်ယောက်မကျန် အပ်နှံဖို့
  ဝိုင်းဝန်း ကူညီစို့။ ။

ရေနံ့သာမောင်ကျော်ညွန့်

**ဦးမြတ်သင်းအောင်(အောင်အောင်အင်တာပရိုက်စ်ကုမ္ပဏီ)၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့် (ဥက္ကဋ္ဌ-မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း) မိသားစုတို့က မရမ်းကုန်းမြို့နယ် ဓမ္မမောဋ္ဌိဝိကရ သီလရှင်ကျောင်း ဝေယျာဝစ္စအတွက် အလှူငွေကျပ်ခြောက်သိန်းကို မေ ၁၃ ရက်က သီလရှင်ဆရာကြီး ဒေါက်တာမောဋ္ဌိနီထံသို့ ပေးအပ်လှူဒါန်းစဉ်။**

(မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၅**

၂၀၀၇ ခုနှစ် မေ ၂၅ရက်တွင် ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျော့တာအီယားနားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် စောင်းတန်းတော်ကြီး တည်ဆောက်ရန် ငွေလှူဒါန်း

**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တောင်ဘက်စောင်းတန်းကြီး တည်ဆောက်ရန်အတွက် စစ်ကိုင်းတိုင်း မြင်းမူမြို့ မင်းရဲကျော်စွာလမ်းနေ ဦးမင်းလွင်-ဒေါ်ဋ္ဌေးမိသားစုက အလှူတော်ငွေကျပ် ၁၅ သိန်းကို သြဝါဒါစရိယ ဆရာတော်များ၏ ရှေ့မှောက်၌ လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ ဦးအေးကို၊ ဦးအေးမြင့်နှင့် ဦးမောင်လှိုင်တို့က လက်ခံရယူသည်။**(အပေါ်ယာပုံ)** အဆိုပါစောင်းတန်းတော်ကြီး တည်ဆောက်မှုအတွက် လှူဒါန်းလိုသည့် အလှူရှင်များသည် စေတီတော်ဂေါပကအဖွဲ့ ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)



# ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီ အစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၂၄**

၂၀၀၇ခုနှစ် ဇူလိုင် ၁၁ရက်တွင်ကျရောက်မည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးအတွက် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီက အဖွင့်အမှာစကားပြောကြားပြီး ဆပ်ကော်မတီဝင်များက မိမိတို့ လုပ်ငန်းဆပ်ကော်မတီများအလိုက် ဆွေးနွေးတင်ပြကြသည်။

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အဖြစ် ပိုစတာပြိုင်ပွဲကို ဇွန် ၉ရက်တွင်လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၀ရက်တွင်လည်းကောင်း နေပြည်တော်နှင့် ပြည်နယ်၊ တိုင်း၊ မြို့ကြီးများ၌ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ပြီး ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ဖိတ်ခေါ်ပြိုင်ပွဲအဖြစ်လည်းကောင်း၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ဇွန် ၁၆ရက်တွင် ကနဦး ရွေးချယ်ပြိုင်ပွဲအဖြစ် နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းမြို့ကြီးများ၌ တစ်ပြိုင်တည်းကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



အီတလီနိုင်ငံ၌ပြုလုပ်သည့် ဂီရိုအီတလီ စက်ဘီးစီးပြိုင်ပွဲတွင် ပန်းဝင်လာသူများကို မေ ၂၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှု အက်ဖ်အေအိုက သတိပေးချက်ထုတ်ပြန်

**ဒါကာ မေ ၂၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ အခြေအနေသည် ပြင်းထန်လျက်ရှိကြောင်းနှင့် ယင်းအခြေအနေကို ထိန်းချုပ်နိုင်ရန်တက်ကြွစွာလုပ်ဆောင်ရန် လိုအပ်ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က သတိပေးထားကြောင်း ဖိုင်နယ်ရှယ်အိပ်စ်ပရက်စ် ဘင်္ဂလားဒေ့ရှ် သတင်းစာက မေ ၂၂ ရက်က ရေးသားဖော်ပြထားသည်။

ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားရာ ဒေသများတွင် ရောဂါထိန်းချုပ်ရေးနှင့် ဟန့်တားရေးလုပ်ငန်းတို့ကို အစိုးရနှင့် တိရစ္ဆာန်ဆေးကုသရေး အာဏာပိုင်များက လုပ်ဆောင်လျက်ရှိကြောင်း အက်ဖ်အေအိုအဖွဲ့၏ တိရစ္ဆာန်ဆေးကုသရေးအရာရှိချုပ်ဂျိုဆက်ဒိုမီနက်ချ်က မေ ၂၁ ရက်တွင်ပြောကြားခဲ့သည်။

သို့သော် ကြက်ငှက်တုပ်ကွေးရောဂါ ပြန့်ပွားလာမှုကို ကာကွယ်ရန် $H_5N_1$ ဗိုင်းရပ်စ် ထိန်းချုပ်ရေးကို ကျယ်ကျယ်ပြန့်ပြန့်နှင့် အားသွန်ခွန်စိုက်ဆောင်ရွက်ရန် အရေးတကြီး လိုအပ်လျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသည်ဟု ဖေဖော်ဝါရီလတွင် ပထမဆုံးအကြိမ် တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းအချိန်ကတည်းက နိုင်ငံရှိဒေသ ၆၄ခုအနက် ဒေသ ၁၁ခုတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုး ပြန့်ပွားလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယခုအချိန်အထိ လူ၌ ယင်းရောဂါပိုးကူးစက်ပျံ့နှံ့မှုမျိုးမရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါသည် စိုးရိမ်ဖွယ်အနေအထားရှိနေကြောင်း၊ နိုင်ငံတကာမှ ပူးပေါင်းထောက်ပံ့မှုနှင့် အမျိုးသားရေးတာဝန်အရ ကြက်ငှက်တုပ်ကွေးရောဂါကို ကာကွယ်တားဆီးသွားရန် လိုအပ်လျက်ရှိကြောင်း ဒိုမီနက်ချ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# လက်ဘနွန်အရပ်သူ၊အရပ်သားများကို ကာကွယ်စောင့်ရှောက်ရန် ကုလအတွင်းရေးမှူးချုပ် တိုက်တွန်း

**ကုလသမဂ္ဂ မေ ၂၃**

လက်ဘနွန်ရှိ အုပ်စုအသီးသီးတို့အနေဖြင့် အရပ်သားများကို ကာကွယ်စောင့်ရှောက်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တနင်္လာနေ့တွင် တိုက်တွန်းလိုက်သည်။

ဖာတာအယ်လ်အစ္စလမ့်စ် သေနတ်သမားများနှင့် လက်ဘနွန်စစ်တပ်အကြား လွန်ခဲ့သည့်နှစ်ရက်က တိုက်ခိုက်မှုအပေါ် ဘန်ကီမွန်းက အလွန်အမင်းစိုးရိမ်မကင်းဖြစ်မိသည်ဟု ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဖာတာအယ်လ်အစ္စလမ့်စ် စစ်သွေးကြွများ၏ လုပ်ရပ်သည် လက်ဘနွန်၏ တည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာကို တိုက်ခိုက်ခြင်းဖြစ်သည်ဟု ကုလသမဂ္ဂ အကြီးအကဲက ပြောကြားသည်။

လက်ဘနွန်ရှိ ပါလက်စတိုင်း ဂိုဏ်းဂဏများက လက်ဘနွန်စစ်တပ်ကို တိုက်ခိုက်နေမှုများအပေါ် ရှုတ်ချသည့် စုစည်းညီညွတ်သော ရပ်တည်ချက်ကို ဘန်ကီမွန်းကကြိုဆိုလိုက်ပြီး အပြစ်မဲ့ပြည်သူများကို ကာကွယ်စောင့်ရှောက်ရန်အတွက်အားလုံးသော အဖွဲ့အစည်းများသို့ တိုက်ထွန်းနှိုးဆော်ထားသည်။

ဘန်ကီမွန်းက တနင်္ဂနွေနေ့တွင် ဘေရွတ်ရှိ အကြမ်းဖက်သမားများ၏ ဗုံးခွဲတိုက်ခိုက်မှုကိုလည်းရှုတ်ချပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အီရတ်တစ်ဝန်း တိုက်ခိုက်မှုများ ဖြစ်ပွား၊ ၄၈နာရီအတွင်း ကန်တပ်ဖွဲ့ဝင်ကိုးဦး သေဆုံး

**ဘဂ္ဂဒက် မေ ၂၄**

အီရတ်နိုင်ငံတစ်ဝန်း၌ လွန်ခဲ့သော ၄၈ နာရီအတွင်း သီးခြားနေရာငါးခုတွင် တိုက်ခိုက်မှုများဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦး သေဆုံးသွားကြောင်း ကန်စစ်ဘက်၏ မေ ၂၃ ရက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အများစုမှာ လမ်းဘေးဗုံး ထိမှန်၍ သေဆုံးရခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့တောင်ပိုင်း ငါးကီလိုမီတာအကွာနေရာ၌ တနင်္လာနေ့က ဖြစ်ပွားသော လမ်းဘေးဗုံး အများအပြားဖြင့် တိုက်ခိုက်သည့် တိုက်ခိုက်မှုအတွင်း ကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ကန်စစ်ဘက်က ပြောကြားသည်။

အင်္ဂါနေ့ကဖြစ်ပွားသော တိုက်ခိုက်မှုတွင်လည်း စကားပြန်တစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း သိရသည်။ ထိုနေ့တစ်နေ့တည်းမှာပင် ဘဂ္ဂဒက်မြို့ဝန်းကျင်၌ အခြားတိုက်ခိုက်မှု သုံးမှုဖြစ်ပွားခဲ့သေးသည်။

တိုက်ခိုက်မှုတစ်ခုအတွင်း လမ်းဘေးဗုံး ထိမှန်သဖြင့် ကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိသွားသည်။

ဘဂ္ဂဒက်အနောက်တောင်ဘက်၌ ကင်းလှည့်နေသော ကန်တပ်ဖွဲ့ လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခံရရာ ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။

ထိုနေ့က အမ်ဘာပြည်နယ်နှင့် ဘဂ္ဂဒက် အနောက်ပိုင်းတို့တွင် ကင်းလှည့်နေသော တပ်ဖွဲ့များကို လက်နက်ငယ်များဖြင့် သီးခြားစီ ပစ်ခတ်မှုများဖြစ်ပွားခဲ့သည်။ ပထမပစ်ခတ်မှုတွင် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ဒုတိယပစ်ခတ်မှုတွင် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည်။ မေလဆန်းမှ ရေတွက်လျှင် ယနေ့အထိ တိုက်ခိုက်မှုများကြောင့် သေဆုံးရသော ကန်တပ်ဖွဲ့ဝင် ရှစ်ဦးရှိသွားပြီဖြစ်သည်။

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များက ဝင်ရောက်ကျူးကျော်သည့် ၂၀၀၃ခုနှစ်မှ ယနေ့အထိ သေဆုံးရသော ကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် ၃၄၃၁ဦး ရှိသွားပြီဖြစ်ပြီး ၎င်းတို့အနက် အများစုမှာ လမ်းဘေးဗုံးကြောင့် သေဆုံးကြရခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



လက်ဘနွန်နိုင်ငံတွင် တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် နာရာအယ်လ်ဘာရက်ဒ်ဒုက္ခသည်စခန်းမှ အရပ်သူ၊ အရပ်သားအချို့ ထွက်ပြေးလာကြသည်ကို မေ ၂၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)




# ဗန်ကောက်မြို့ ဆင်ခြေဖုံး ကုန်စိမ်းဈေးအတွင်း ပစ်ခတ်မှုကြောင့် လေးဦးသေဆုံး

**ပသန်သနီ မေ ၂၃**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မေ ၂၃ရက်က အသက် ၄၉ မောင်းပြန်ရိုင်ဖယ်ကိုင်ဆောင်ထားသူ သေနတ်သမားတစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တို့အကြား ကုန်စိမ်းဈေးအတွင်း၌ ပစ်ခတ်မှုဖြစ်ပွားရာ လူလေးဦး သေဆုံးသွားကြောင်း ဌာနသတင်းများက ဖော်ပြသည်။

ထိုပစ်ခတ်မှုကြောင့် သေဆုံးသူများတွင် ရဲအရာရှိတစ်ဦး၊ သေနတ်သမားနှင့် လမ်းသွားလမ်းလာနှစ်ဦးတို့ ပါဝင်သည်။ သေဆုံးသွားသူသေနတ်သမားမှာ နိုင်ငံဖြတ်ကျော်ကားခိုးဂိုဏ်းမှ အဖွဲ့ဝင်တစ်ဦးဖြစ်နိုင်သည်ဟု ပသန်သနီ ရဲတပ်ဖွဲ့က ယူဆထားသည်။ ၎င်း၏ အိတ်ထဲတွင် ကျည်ဆန်အပိုများနှင့် မော်တော်ကားအမျိုးမျိုးကိုဖွင့်နိုင်သည့် သော့အမျိုးမျိုး ပါရှိသည်ကိုလည်း တွေ့ရသည်ဟု ဆိုသည်။

သေဆုံးသွားသူ ရဲတပ်ကြပ်မှာ ဝါချပ်ဆမ်မရမ်လဝစ်ချိုင်း ဖြစ်ပြီး အခြားအရပ်သားနှစ်ဦးမှာ သီတာရွတ်ဆရီရိုင်ရာကိုးလ်နှင့် ဆာမက်ကမ်ပလီ တို့ဖြစ်ကြောင်း သိရသည်။

ရဲတပ်ဖွဲ့က ထိုအဖြစ်အပျက်နှင့် ကားခိုးဂိုဏ်း၏ လှုပ်ရှားမှုများကို လိုက်လံ စုံစမ်းလျက်ရှိသည်။

***အင်တာနက်။***

# ဒေါ်လာ ၁ဒသမ ၃၆ ဘီလီယံတန် ဂြိုဟ်တုဆက်သွယ်ရေးစနစ် ယူအေအီးတွင် တည်ဆောက်မည်

**အဘူဒါဘီ မေ ၂၃**

ဒါရမ်ငါးဘီလီယံ(အမေရိကန်ဒေါ်လာ ၁ဒသမ၃၆ဘီလီယံ)တန်ဖိုးရှိ ဂြိုဟ်တုဆက်သွယ်ရေးစနစ်တစ်ရပ်တည်ဆောက်ရန်အတွက် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)မှ အယ်လ်ယာဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီ(ယာဆက်)က ဥရောပ ပေါင်းစပ်အဖွဲ့အစည်းတစ်ခုကို ရွေးချယ်ခဲ့ကြောင်း ခါလီတိုင်းမ်သတင်းစာက အင်္ဂါနေ့တွင် ရေးသားဖော်ပြသည်။

ယူအေအီးတွင် ဂြိုဟ်တုဆက်သွယ်ရေးစနစ် တည်ထောင်ရန်အတွက် ဖော်ပြပါ ဥရောပမှ ပေါင်းစပ်အဖွဲ့အစည်းကို ဦးစားပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

**တာဝန်ပေး**

ယူအေအီးအစိုးရ၏ မဟာဗျူဟာ စီးပွားရေးအရ ယာဆက်ကုမ္ပဏီ အနေဖြင့် အစိုးရ၏ ဂြိုဟ်တုဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များနှင့် အရှေ့အလယ်ပိုင်း အာဖရိက၊ တောင်ဥရောပနှင့် အရှေ့တောင်အာရှမှ စီးပွားရေးဖောက်သည်နိုင်ငံများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ယူအေအီးအစိုးရကတာဝန်ပေးထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဂလပ်စကိုဆေးကုမ္ပဏီ၏ ဓာတ်ခွဲခန်းတစ်နေရာကို မေ ၂၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



# ပါကစ္စတန်နိုင်ငံကမ်းလွန်တွင် ကုန်တင်သင်္ဘောနစ်မြုပ်

**အစ္စလမ္မာဘတ် မေ ၂၃**

ဆီရာလီယွန်နိုင်ငံမှ ကုန်တင်သင်္ဘောသည် ပါကစ္စတန်နိုင်ငံ ကရာချိဆိပ်ကမ်း၏ ကမ်းလွန်တစ်နေရာ အာရေဗျပင်လယ်ပြင်၌ နစ်မြုပ်ခဲ့ရာ သင်္ဘောသား ၁၁ ဦးစလုံးကို ပါကစ္စတန်ရေတပ်က တနင်္လာနေ့တွင် ကယ်တင်ပေးခဲ့ကြောင်း ဂျီအိုရုပ်မြင်သံကြားက ဖော်ပြသည်။

အဆိုပါ သင်္ဘောသားများတွင် အိန္ဒိယနိုင်ငံသားကိုးဦးနှင့် သီရိလင်္ကာနိုင်ငံသားနှစ်ဦးတို့ ပါဝင်သည်။

ပါကစ္စတန်ရေတပ်မှသင်္ဘောတစ်စင်းကဖော်ပြပါကုန်တင်သင်္ဘောကိုရေကြောင်းမိုင် ၁၃၀ အကွာတွင် တွေ့ရှိခဲ့ပြီး အသက်ကယ်လှေများ ချပေးခဲ့သည်ဟု ရုပ်မြင်သံကြားသတင်းတွင်ဖော်ပြသည်။

အဆိုပါသင်္ဘောသည် သံတိုသံစများကို အီရတ်မှ တင်ဆောင်လာပြီး အိန္ဒိယနိုင်ငံသို့သွားသည့် သင်္ဘောဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ကျောက်မီးသွေးမှ လောင်စာရည် ထုတ်လုပ်ရန် အင်ဒိုနီးရှား၌ စီစဉ်

ဂျကာတာ မေ ၂၃

**စွမ်းအင်အမျိုးမျိုး ထုတ်လုပ်ရေး အစီအစဉ်အရ အင်ဒိုနီးရှားနိုင်ငံတွင် အများအပြားထွက်ရှိသည့် ကျောက်မီးသွေးကို လောင်စာရည်အဖြစ် ထုတ်လုပ်ရန် အင်ဒိုနီးရှားအစိုးရက စီစဉ်လျက်ရှိကြောင်း တာဝန်ရှိသူက မေ ၂၂ ရက်က ပြောကြားသည်။**

ကျောက်မီးသွေးမှ လောင်စာရည် ပြောင်းလဲထုတ်လုပ်ရန်၊ ဂျပန်နိုင်ငံက နည်းပညာအကူအညီရယူရန် အင်ဒိုနီးရှားနိုင်ငံက တောင်းဆိုမည်ဖြစ်ကြောင်း၊ စွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဝန်ကြီးဌာန သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန အကြီးအကဲ နန်နီဆာယူတာမီက ပြောကြားသည်။

ကျောက်မီးသွေးကို အခြေခံ၍ ထုတ်လုပ်မည့် လောင်စာကို ၂၀၂၅ ခုနှစ်ထက် နောက်မကျဘဲ အမျိုးသားလောင်စာစွမ်းအင် ထုတ်လုပ်မှုတွင် နှစ်ရာခိုင်နှုန်းထက်မနည်း ပါဝင်ရန် ရည်ရွယ်ထားသည်။

ကျောက်မီးသွေးကို အခြေခံ၍ ထုတ်လုပ်သည့် လောင်စာရည်သည် ဓာတ်ဆီလောင်စာကဲ့သို့ အရည်အသွေးတူ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အင်ဒိုနီးရှားနှင့် ဂျပန်တို့သည် စီးပွားရေးအဖွဲ့အစည်းတစ်ဖွဲ့ ထူထောင်၍ ဆူမာတြားတောင်ပိုင်း၊ အရှေ့ပိုင်းနှင့် ကာလီမန်တန်တောင်ပိုင်း စသည့် ကျောက်မီးသွေးကြွယ်ဝသော ပြည်နယ်တို့တွင် လောင်စာထုတ်လုပ်သည့် စက်ရုံများ တည်ထောင်သွားရန်နှင့် ၂၀၀၉ ခုနှစ်တွင် အမေ ရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကို ကနဦးရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

### မျှော်မှန်း

အဆိုပါ စက်ရုံများမှ ၂၀၁၃ ခုနှစ်တွင် လောင်စာစတင်ထုတ်လုပ်ရန်နှင့် နေ့စဉ် လောင်စာစည် ၁၃၅၀၀ ထုတ်လုပ်သွားရန် မျှော်မှန်းထားကြောင်းသိရသည်။

***အင်အမ်အေ၊ဆင်ဟွာ။***



ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့တွင် တန်ချိန် ၇၀ ရှိ ဓာတ်ရထားကို သွားဖြင့်ကိုက်ကာ ဆွဲယူ အစွမ်းပြနေသည်ကို မေ ၂၃ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ–အင်တာနက်)*

# အိန္ဒိယတွင် ဗုံးသုံးလုံးပေါက်ကွဲ၊ ငါးဦးဒဏ်ရာရ

လတ်ကနောင်း (အိန္ဒိယ) မေ ၂၃

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် မေ ၂၂ ရက်က ဗုံးသုံးလုံး ပေါက်ကွဲမှု ဖြစ်ပွားရာ လူငါးဦး ဒဏ်ရာရသွားသည်။

### ဗုံးတစ်လုံးပေါက်ကွဲ

ထိုဖြစ်ရပ် မတိုင်မီတစ်ရက်ကလည်း အိန္ဒိယတောင်ပိုင်း၌ ဗုံးတစ်လုံးပေါက်ကွဲခဲ့သည့်အတွက် လူ ၁၁ ဦး သေဆုံးသွားခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။

နောက်ဆုံး ပေါက်ကွဲမှုဖြစ်ရပ်မှာ ဥတ္တာပရာဒေ့ရှ် ပြည်နယ် ဂေါရပ်ပူရာအရပ် ဈေးအတွင်း၌ ဖြစ်ပွားခြင်းဖြစ်သည်။ ထိုဗုံးများသည် ပေါက်ကွဲအားပြင်းထန်မှု မရှိသော ဗုံးအမျိုးအစားများဖြစ်သည်ဟု ဥတ္တာပရာဒေ့ရှ် ပြည်နယ် ပြည်ထဲရေးအတွင်းဝန် ကေ၊ချန်ဒရာမူလီက ပြောကြားသည်။ မည်သည့်အတွက်ကြောင့် ဖြစ်ပွားရကြောင်း စုံစမ်းနေဆဲဖြစ်သော်လည်း ထိုပေါက်ကွဲမှု သည် ဒေသတွင် ဆူပူစေလိုသူများ၏ လက်ချက်ဖြစ်နိုင်ကြောင်း ယူဆရသည်ဟု ဆိုသည်။

### စက်ဘီးများ

ကနဦးစုံစမ်းမှုများအရ ထိုဗုံးသုံးလုံးမှာ စက်ဘီးများပေါ်တွင် တင်လာသော ထမင်းဘူးများမှ ပေါက်ကွဲခြင်းဖြစ်ကြောင်း ချန်ဒရာမူလီက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဘင်္ဂလားဒေ့ရှ် ကျေးရွာ၌ ဆင်ရိုင်းများဝင်ရောက် ဆင်နင်း၍ ရွာသားနှစ်ဦးသေဆုံး

**ကောက်ဘဇား(ဘင်္ဂလားဒေ့ရှ်) မေ ၂၃**

ဘင်္ဂလားဒေ့ရှ်ရှိ ရွာတစ်ရွာအတွင်း မေ ၂၂ ရက်က ဆင်ရိုင်းများ ဝင်ရောက်ဖျက်ဆီးသည့်အတွက် တဲများပျက်စီးသွားပြီး လူနှစ်ဦးဆင်နင်းခံရ၍ သေဆုံးသွားကြောင်း ဒေသခံသတင်းများက ဖော်ပြသည်။

ဒါကာမြို့၏ အရှေ့တောင်ဘက် မိုင် ၂၅၀ အကွာရှိ ကောက်ဘဇားခရိုင်အတွင်းရှိ မိသာချာရီရွာတွင် ဆင်ရိုင်း ၁၀ ကောင်ခန့်က ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ ဆင်များသည် သစ်ပင်များကို အမြစ်မှ ဆွဲနုတ်ပြီး စိုက်ပျိုးသီးနှံများကိုလည်း ဖျက်ဆီးသွားသည်။ ကောက်ဘဇားခရိုင် တစ်ခုတည်းမှာပင် လွန်ခဲ့သော နှစ်လခန့်အတွင်း လူခုနစ်ဦးခန့် ဆင်နင်းခံရ၍ သေဆုံးခဲ့ရပြီးဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မှတ်တမ်းများအရအဆိုပါ တစ်နှစ်တစ်နှစ်လျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆင်နင်းခံရ၍ သေဆုံးရသူပေါင်း အနည်းဆုံး ၁၅ ဦးခန့် ရှိကြောင်း သိရသည်။ လူဦးရေ တိုးပွားလာသည့်အတွက် နေထိုင်စရာ နယ်မြေများ ချဲ့ထွင်လာရာ ဆင်များအတွက် စားကျက်တောများ လျော့ပါးလာသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အင်္ဂလာ၌ ရေနံသိုက်နှစ်ခု ရှာဖွေတွေ့ရှိ

လူအန်ဒါ မေ ၂၃

အင်ဂိုလာနိုင်ငံပိုင် အင်ဂိုလာအမျိုးသားရေနံကုမ္ပဏီ ဆန်အင်ဂိုလ်နှင့် တိုတယ်လ်အီးအင်ပီ အင်ဂိုလာကုမ္ပဏီတို့သည် အင်ဂိုလာကမ်းလွန်ရေနက်ပိုင်း၌ မကြာသေးမီက ရေနံသိုက်နှစ်ခုကို ထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယင်းရေနံသိုက်နှစ်ခုကို လုပ်ကွက်အမှတ်–၃၂၏ လိုရီ–၁နှင့် ကမင်းဟော့စ်–၁ဟု အမည်ပေးထားကြောင်း တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။

လိုရီ–၁ ရေနံသိုက်ကို ပင်လယ်ရေမျက်နှာပြင်အောက် ၁၈၈၃ မီတာအနက်၌ တူးဖော်တွေ့ရှိခဲ့ကြောင်း၊ ယင်းရေနံသိုက်သည် လုပ်ကွက်အမှတ်–၃၂၏ အရှေ့တောင်ပိုင်းတွင် တည်ရှိပြီး ဆော်လ်ဆာ–၁ ရေနံသိုက်၏အနောက်ဘက် ၄ ဒသမ ၅ ကီလိုမီတာအကွာတွင် တည်ရှိကြောင်း ဆန်အင်ဂိုလ်ကကြေညာသည်။ ကမင်းဟော့စ်–၁ ရေနံသိုက်ကို လုပ်ကွက်အမှတ်–၃၂၏ အရှေ့မြောက်ပိုင်းဇုန်အတွင်း ပင်လယ်ရေမျက်နှာပြင်အောက် ၁၅၉၃ မီတာအနက်၌ တူးဖော်တွေ့ရှိခဲ့ကြောင်း၊ ယင်းရေနံသိုက်သည် ကာရေးလ်–၁ ရေနံသိုက်၏ မြောက်ဘက် ၁၈ ကီလိုမီတာအကွာတွင် တည်ရှိပြီး စမ်းသပ်ကာလအတွင်း တစ်ရက်လျှင် ရေနံ ၆၂၅၈ စည် ထွက်ရှိကြောင်း ဆန်အင်ဂိုလ်ကကြေညာသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အီတလီနိုင်ငံ ရောမမြို့ရှိ တိရစ္ဆာန်ရုံအတွင်း မွေးမြူထားသော လိပ်ငယ်ကလေး တစ်ကောင်ကို မေ ၂၃ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ–အင်တာနက်)*

# ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲ ၂၅ ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်တောင်ပိုင်းတွင် မေ ၂၂ ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့်အတွက် လူ ၂၅ ဦးအထိ အသက်ဆုံးရပြီး အခြားလူ ၆၀ တို့ ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှလာသော သတင်းများက ဖော်ပြသည်။

ပေါက်ကွဲမှု ဖြစ်ပွားရာ နေရာမှာ ဘဂ္ဂဒက်မြို့ ဟာအယ်လ်အာမီလ်ဈေးအတွင်း၌ ဖြစ်သည်။

ထိုနေ့အစောပိုင်းက ဘဂ္ဂဒက်အရှေ့ပိုင်းနှင့် အနောက်ပိုင်းအရပ်များ၌ လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲခဲ့ရာ တစ်ဦးသေဆုံးသွားပြီး အခြား လူရှစ်ဦး ဒဏ်ရာရသွားကြောင်း ရဲတပ်ဖွဲ့သတင်းများက ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



တူရကီနိုင်ငံ အင်ကာရာမြို့ တွင် မေ ၂၂ ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံအချို့ကို တွေ့ရစဉ်။

*(ဓာတ်ပုံ–အင်တာနက်)*

# တူရကီနိုင်ငံ အင်ကာရာမြို့တွင် ဗုံးပေါက်ကွဲ ခြောက်ဦးသေ၊ ၁၀၀ဒဏ်ရာရ

အင်ကာရာ မေ ၂၄

တူရကီနိုင်ငံ အင်ကာရာမြို့တွင် ဗုဒ္ဓဟူးနေ့အစောပိုင်းက ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး ဒဏ်ရာရရှိသူဦးရေသည် ၁၀၀အထိ တိုးမြင့်လာကြောင်း မြို့တော်အုပ်ချုပ်ရေးမှူးရုံးမှလာသော သတင်းကဖော်ပြသည်။

အင်ကာရာမြို့တွင် အာဏာဖာတာလာ ဈေးရပ်ကွက်အတွင်း ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်။ ထိုပေါက်ကွဲမှုအတွင်း ဒဏ်ရာရသူ ၁၆ဦး၏ အခြေအနေမှာ ဆိုးရွားသည့်အတွက် အရေးပေါ်ကုသမှုများ ပေးထားရသည်။ ထိုပေါက်ကွဲမှုတွင်သုံးသောဗုံးမှာ အေးဖိုး ပလတ်စတစ်ဗုံးအမျိုးအစားဖြစ်ကြောင်း သက်ဆိုင်ရာများက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဆိုင်းဘုတ်ထောင်လူစုပြီး ဆူပူတဲ့ခေတ်ကုန်ပြီ

## ပေါက်စ

အခုတလော ပြောကိုမပြောချင်တော့ဘူးလို့ပဲ ပေါက်စ စိတ်ပိန်စွာ မြည်တမ်းလိုက်ချင်သဗျာ။

ဘယ့်နှယ်ဗျာ ဘယ်လိုမှ သုံးစားမရအောင် ချွတ်ခြုံကျနေတဲ့ ကျပ်မပြည့်၊ လူစဉ်မမီတဲ့ အတွေးအခေါ်အထုပ်စုတ်ကို ဆေးသုတ်အရောင်တင်ပြီး အပိုးမကျိုး၊ အချိုးမပြေတဲ့အလုပ်တွေ လုပ်နေ ကိုင်နေကြသဗျာ။ အဲသဟာကတော့ အခြားဟုတ်ပါရိုးလားဗျာ။ လူနှစ်ယောက်တစ်ပိုင်းလောက်က လူစည်ကားတဲ့နေရာတွေမှာ မျောက်ပွဲပြသလို ဆိုင်းဘုတ်ထောင်ပြီး နှစ်ဆယ့်လေးနာရီ လျှပ်စစ်မီးလင်းပေးဖို့၊ ကုန်ဈေးနှုန်းတွေ ကျဆင်းအောင်လုပ်ပေးဖို့၊ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ဆိုပြီး မဖြစ်ညစ်ကျယ် မဖွယ်မရာ တောင်းဆိုကြွေးကြော်ကြ၊ ရှက်ရှက် ရှက်ရှက် လုပ်ကြသလို နိုင်ငံရေးအကျဉ်းသား မိသားစုတွေကို နှစ်သိမ့်အားပေးတဲ့ အဖြူရောင်လှိုင်းလှုပ်ရှားမှုခေါင်းစဉ်တပ် နိုင်ငံရေးစတန့်တစ်မျိုးထွင်လာတာဟာလည်းပါသဗျ။ အဲသဟာအပြင် NLD ပါတီမှ အမျိုးသမီးလွတ်မြောက်ရေးအတွက်ဆိုပြီး ဘုရားပေါ်တက် ဆုတောင်းပွဲဆိုတာတွေ လုပ်ကြတဲ့အပြင် အခုနောက်ဆုံးပေါ် အစီအစဉ်အနေနဲ့ အဲဒီအမျိုးသမီး လွတ်မြောက်ရေး လှုပ်ရှားမှုဆိုပြီး မြို့နယ်အလိုက် NLDပါတီဝင်တွေက ဝန်းရံလူစုလို့ ဆူပူမှုဖန်တီးကြဖို့ အကြံအဖန်တွေကို စိတ်ရှုးပေါက်သလောက် လျှောက်လုပ်နေကြသဗျ။

**စဉ်းစားကြည့်ကြပေါ့ဗျာ။ သူတို့တောင်းဆိုတာတွေဟာ သွေးရိုးသားရိုး တောင်းဆိုချက်တွေလား။ နိုင်ငံတော်အစိုးရကို ပြည်သူက အထင်လွဲမှား သံသယပွားလာပြီး ဆူပူမှုတွေ ဖြစ်လာအောင် ကြောင်သူတော် ကြွက်သူခိုးတွေလို မရိုးမသားလုပ်ကြံဖန်တီး လှုံ့ဆော်တာလားဆိုတာ ရိုးရိုးလေးစဉ်းစားရင် လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေသပေါ့ဗျာ။**

ရှင်းရှင်းလေးခင်ဗျာ။ လျှပ်စစ်မီးနှစ်ဆယ့်လေးနာရီ လင်းပေးရမယ်ဆိုတာ အခြေအနေနဲ့ အချိန်ကာလအရ လိုက်လျောညီထွေ ဖြစ်နိုင်ခြေမရှိဘူးဆိုတာ ပြည်သူအများက နားလည်လက်ခံထားကြတယ်ဗျာ။ နိုင်ငံတော်က ကျင့်သုံးအကောင်အထည်ဖော်နေတဲ့ ဈေးကွက်စီးပွားရေးအရ ပြည်တွင်း၊ ပြည်ပက ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေတဲ့ စက်ရုံ အလုပ်ရုံတွေ၊ စက်မှုဇုန်တွေ၊ ကုန်တိုက်ကြီးတွေ၊ စူပါမားကက်ကြီးတွေ၊ ပလာဇာကြီးတွေ၊ ဟိုတယ်ကြီးတွေ နိုင်ငံနဲ့အဝန်း လည်ပတ်လုပ်ကိုင်ရောင်းဝယ်နေကြသဗျာ။ အဲဒီလုပ်ငန်းတွေကို ဖြန့်ဖြူးပေးရတဲ့ လျှပ်စစ်ဓာတ်အားတွေနဲ့ လူနေမှုဘဝမြင့်မားလာတဲ့ ပြည်သူတွေရဲ့ နေ့စဉ်သုံးစွဲနေတဲ့ တီဗွီတွေ၊ ဗွီစီဒီတွေ၊ ဒီဗွီဒီတွေ၊ အဝတ်လျှော်စက်၊ လေအေးစက်၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖိုတွေအတွက် ဖြန့်ဖြူးပေးရတဲ့ လျှပ်စစ်ဓာတ်အားတွေအပြင် ကျေးလက်ဒေသအချို့မှာ လျှပ်စစ်ဓာတ်အားတွေ ဆက်သွယ်ဖြန့်ဖြူးပေးလာနိုင်လို့ အဲဒီကျေးရွာတွေက ကျေးလက်ပြည်သူတွေရဲ့ မြို့ပြနဲ့မခြားတဲ့ လူမှုစီးပွားဘဝအရ တီဗွီတွေ၊ ဒီဗွီဒီတွေ၊ ဗွီစီဒီတွေ၊ လျှပ်စစ်မီးပူတွေ သုံးစွဲလာကြတော့ ဖြန့်ဖြူးပေးရတဲ့ လျှပ်စစ်ဓာတ်အားတွေဟာ နိုင်ငံတော်က တိုးမြှင့်ထုတ်လုပ်ပေးနေပေမယ့် ဘယ်လိုမှ လုံလောက်မှု မရှိနိုင်ဘူးဗျာ။ တိုးတက်ဖြစ်ထွန်းလာတဲ့ စီးပွားရေး အဆောက်အအုံတွေ၊ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေကို လက်ရှိနိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုက မီအောင်မလိုက်နိုင်သေးဘူးဗျာ။ အဲဒီအခြေအနေကို နိုင်ငံတော်အစိုးရက ဖြေရှင်းနိုင်အောင် ရေအားလျှပ်စစ်စက်ရုံတွေနဲ့ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ၊ စွန့်ပစ်ပစ္စည်း အပူသုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံတွေကို တိုးချဲ့တည်ဆောက် ဖြည့်ဆည်းပေးနေတယ်ဗျာ။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကွင်းဆင်းပြီး လျှပ်စစ်ဓာတ်အား အလုံအလောက် ဖြန့်ဖြူးပေးနိုင်ဖို့ ဦးဆောင်လမ်းညွှန် ဆောင်ရွက်ပေးနေတယ်ဗျာ။

အခုလို အခြေအနေမှန်ကို ပေါက်စလေနဲ့ရှီးနေတာမဟုတ်ပါဘူးခင်ဗျာ။ ပြည်သူ့ဘဝနယ်ပယ်မှာ အမှန်တကယ်ဖြစ်ထွန်းနေတဲ့ အရှိတရားတွေကို ကိန်းဂဏန်းနဲ့ကောက်နုတ်ပြီး သက်သေပြရမယ်ဆိုရင် ၁၉၈၈ခုနှစ်က အကြီးစား ၁၀ မဂ္ဂါဝပ်အထက် ရေအားလျှပ်စစ်စက်ရုံနှစ်ရုံ၊ အလတ်စား ၁၀ မဂ္ဂါဝပ်ရေအား လျှပ်စစ်စက်ရုံ တစ်ရုံ၊ အသေးစား တစ်မဂ္ဂါဝပ်ရေအားလျှပ်စစ်စက်ရုံ ၁၁ ရုံ၊ စုစုပေါင်း ရေအားလျှပ်စစ်စက်ရုံ ၁၄ ရုံပဲရှိတယ်ဗျာ။ ၂၀၀၅ ခုနှစ်မှာ အကြီးစား ၁၀ မဂ္ဂါဝပ်အထက် ရေအားလျှပ်စစ်စက်ရုံ ၁၀ ရုံ၊ အလတ်စား ၁-၁၀ မဂ္ဂါဝပ်ရေအား လျှပ်စစ်စက်ရုံ ၁၀ ရုံ၊ အသေးစား တစ်မဂ္ဂါဝပ်ရေအားလျှပ်စစ်စက်ရုံ ၂၄ ရုံ၊ စုစုပေါင်း ရေအားလျှပ်စစ်စက်ရုံ ၄၄ ရုံအထိ ရှိလာတယ်ဗျာ။ အဲသဟာအပြင် ၁၉၈၈ ခုနှစ်က လုံးဝမရှိခဲ့တဲ့ စွန့်ပစ်ပစ္စည်းအပူသုံး လျှပ်စစ်စက်ဓာတ်အားပေးစက်ရုံ တစ်ရုံကို ၂၀၀၅ ခုနှစ်မှာ တည်ဆောက်နိုင်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှာ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ရှစ်ရုံရှိခဲ့ရာက ၂၀၀၅ ခုနှစ်မှာ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၁ ရုံရှိလာခဲ့တယ်ဗျာ။ ၁၉၈၈ ခုနှစ်အထိ လုံးဝမရှိခဲ့တဲ့ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၀၀၅ ခုနှစ်မှာ တည်ဆောက်နိုင်ခဲ့တဲ့အပြင် ဒီဇယ်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၅၆၇ ရုံကလည်း လျှပ်စစ်ဓာတ်အားတွေ ဖြန့်ဖြူးပေးနေတယ်ဗျာ။ သို့ကလို တိုးချဲ့တည်ဆောက် ဖြန့်ဖြူးပေးနေတဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေအပြင် အကြီးစား ၁၁ မဂ္ဂါဝပ်အထက် လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၀ ကိုလည်း တိုးချဲ့တည်ဆောက်နေသဗျာ။ အဲဒီအခြေအနေတွေနဲ့ ပကတိအရှိတရားတွေကို ရိုးရိုးသားသား လေ့လာရမှန်း၊ နားလည်လက်ခံရမှန်း မသိဘဲ နှစ်ဆယ့်လေးနာရီ လျှပ်စစ်မီးလင်းပေးဖို့ တောင်းဆိုနေတာဟာ ကိုယ့်ပါတီ၊ ကိုယ့်အုပ်စုအာဏာရရေးအတွက် အရှက်အကြောက်မဲ့ အာဏာရမ္မက်အဆိပ်တက်ပြီး ရူးသွပ်နေကြတဲ့ ရှစ်ဆယ့်ရှစ်မင်းမဲ့စရိုက် ရောဂါဟောင်းပဲဖြစ်သဗျာ။

အဲသလိုပါပဲ ကုန်ဈေးနှုန်းကျဆင်းရေးဆိုတာကလည်း နိုင်ငံတကာမှာ တွေ့ကြုံ ရင်ဆိုင်ဖြေရှင်းနေရတဲ့ ကုန်ဈေးနှုန်းပြဿနာကို မြန်မာနိုင်ငံ တစ်နိုင်ငံတည်းမှာ ဖြစ်နေသလိုပုံဖော်ပြီး နိုင်ငံတော်အာဏာကို အချောင်နှိုက်ဖို့ကြံနေကြတဲ့ ငတိုင်လျှိုတွေရဲ့ အကျင့်စရိုက်ပဲ ဖြစ်သဗျ။ နိုင်ငံတော်အစိုးရအနေနဲ့ နယ်ချဲ့အုပ်စုအပါအဝင် သြဇာခံပြည်တွင်းပြည်ပ အဖျက်သမားတွေရဲ့ အပိတ်အဆို့ ဖိအားပေးမှုတွေကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး ကိုယ့်အားကိုယ်ကိုးတဲ့ ပြည်သူတွေရဲ့ စည်းလုံးညီညွတ်မှုအင်အားနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးဘဝကို ဖွံ့ဖြိုးတိုးတက်အောင် ဘက်ပေါင်းစုံက ကြိုးပမ်းတည်ဆောက်နေတယ်ဗျာ။ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝမြင့်မားလာဖို့အတွက် နိုင်ငံတော်ရဲ့ ကုန်ထုတ်လုပ်ငန်းတွေကို တိုးတက်ထုတ်လုပ်နိုင်ဖို့၊ သွင်းကုန် အစားထိုးထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းတည်ဆောက်နေသဗျာ။ နိုင်ငံတကာမှာ အများနည်းတူ ရင်ဆိုင်ဖြေရှင်းနေရတဲ့ ကုန်ဈေးနှုန်းပြဿနာဟာ တစ်ပွဲတိုးဆေးမြီးတို ဦးဖွဒီမိုကရေစီနည်းနဲ့ ဖြေရှင်းလို့မရဘူးခင်ဗျာ။ အခုလို နိုင်ငံတော်ရဲ့ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် ပြည်သူတစ်ရပ်လုံး ဆက်လက်ပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြဖို့ လိုတယ်ဗျာ။

**ပြောမယ်ဆိုရင် ပေါက်စတို့နိုင်ငံအနေနဲ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ ကုန်ဈေးနှုန်း ပြဿနာကို ဖြစ်သင့်ဖြစ်ထိုက်တာထက်ပိုပြီး ပြဿနာဖြစ်လာအောင် လုပ်ကြံဖန်တီးနေတာက နယ်ချဲ့အုပ်စုနဲ့ သြဇာခံပြည်တွင်းပြည်ပအဖျက်သမားတွေ ဖြစ်တယ်ဗျာ။ မြန်မာနိုင်ငံမှာ စီးပွားရေးအကျပ်အတည်းဖြစ်လာအောင်၊ ကုန်ဈေးနှုန်းတွေတက်လာပြီး ပြည်သူတွေ ဆူပူအုံကြွလာအောင် စီးပွားရေးအရ ဖိအားပေး ပိတ်ဆို့အကျပ်ကိုင် အနိုင်ကျင့်ဖို့ သူတို့ပူးပေါင်းလုပ်ကြံ ဖန်တီးနေတာကို မြန်မာသိ ကမ္ဘာသိ မဟုတ်လားခင်ဗျာ။**

မြန်မာပြည်သူ ခုနစ်ရက်သားသမီးများအားလုံး သိတော်မူကြတဲ့အတိုင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်တဲ့ အထည်ချုပ်စက်ရုံတွေ ပိတ်လိုက်ရတဲ့အထိ နယ်ချဲ့အုပ်စုနဲ့ သြဇာခံပြည်တွင်းပြည်ပ အဖျက်သမားတွေရဲ့ ပိတ်ဆို့ကန့်ကွက်နှောင့်ယှက်တဲ့ လုပ်ကြံမှုဟာ စက်ရုံအလုပ်သမား မိသားစု တစ်သိန်းကျော်ကို စားဝတ်နေရေး ဒုက္ခပင်လယ်ဝေခဲ့ရသလို ဘဝပျက်ကြရတဲ့အထိ နစ်မွန်းပျက်စီးခဲ့တာတွေဟာ ဒီမိုကရေစီရေးတို့၊ လူ့အခွင့်အရေးတို့ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ကာကွယ်ဖာထေးလို့ မရဘူးခင်ဗျာ။ နိုင်ငံတော် စီးပွားရေးကျဆင်းအောင်၊ ပြည်သူတွေရဲ့ စားဝတ်နေရေးကျပ်တည်းအောင်လုပ်ပြီး ပြည်သူတွေဆူပူအုံကြွလာဖို့အတွက် အကွက်ချလုပ်ကြံနေတာတွေကို ပြည်သူတွေအနေနဲ့ စောဖေကနောကျေသလို သိနေနားလည်နေတော့ ပြည်သူတွေကို နားလှည့်ပါးရိုက်ပြီး မင်းမဲ့စရိုက်ထဲ သိမ်းသွင်းစည်းရုံးလို့ မရနိုင်တော့ဘူးခင်ဗျာ။

**နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ဆိုတာကလည်း မရှိတဲ့ပြဿနာကို မီးထွန်းရှာသလိုမျိုး၊ လိပ်ကိုအမွေးနုတ်၊ ကြောင်ရေချိုးသလိုမျိုး လုပ်နေတာမို့ သနားတယ်လို့ ပေါက်စပြောချင်သဗျ။ အဲသလိုတောင်းဆိုတာဟာ ပြည်သူကိုကိုယ်စားပြုတာလားခင်ဗျာ။ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားတွေဆိုလို့ အရုပ်ရေးပြမှ မြင်ရ၊ တွေ့ရမှာပဲခင်ဗျ။ တစ်ခုတော့ ရှိသပေါ့ဗျာ၊ နိုင်ငံတော်သစ္စာဖောက်မှု၊ ပုန်ကန်မှု၊ လက်နက်မှု၊ မိုင်းခွဲမှု၊ မတရားသင်းနဲ့ ဆက်သွယ်မှုစတဲ့ ရာဇဝတ်ပြစ်မှုကြီးတွေကအစ ဖဲမှု၊ ချဲမှု၊ လိမ်လည်မှု၊ ပြည်သူပိုင်ပစ္စည်း အလွဲသုံးစားမှု စတဲ့ပြစ်မှု ဥပဒေအထွေထွေကို ချိုးဖောက်ကျူးလွန်ခဲ့ကြလို့ သက်ဆိုင်ရာ တရားရုံးတွေက ပြစ်မှုဥပဒေနဲ့အညီ အပြစ်ပေးအရေးယူခံကြရတဲ့ ပါတီဝင်အမည်ခံ ရာဇဝတ် အကျဉ်းသားတွေတော့ ရှိသဗျ။ NLD ပါတီဝင်တွေဖြစ်လို့ သူတို့ ကျူးလွန်ချိုးဖောက်ခဲ့တဲ့ ပြစ်မှုတွေကို ဥပဒေအရ အရေးမယူဘဲ အပြစ်မယူ လျစ်လျူရှုထားရမယ့် အခွင့်ထူးခံ ပုဂ္ဂိုလ်ကြီးများအဖြစ် နိုင်ငံတော်အစိုးရက နားလည်သည်းခံ ခွင့်လွှတ်ပေးရမှာလားလို့ ပေါက်စ မေးပါရစေဗျာ။**

ထိုနည်းၒင်းပေါ့ဗျာ။ နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသားစုတွေကို အားပေးနှစ်သိမ့်တဲ့ အဖြူရောင်လှိုင်း လှုပ်ရှားမှုဆိုပြီး ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားဆိုသူ အချို့ကလည်း ဖွသလို၊ ဆွသလို လုပ်လာကြပြန်သဗျ။ ပေါက်စတို့လည်း မြန်မာမိသားစုက မွေးဖွားကြီးပြင်းလာတဲ့ မြန်မာလူမျိုးစစ်စစ်ဖြစ်တော့ မြန်မာ့လူမှုရေးအစဉ်အလာအရ အားပေးနှစ်သိမ့်မှု၊ ကူညီစောင့်ရှောက်မှုတရားကို နားလည်ယဉ်ပါးပြီးသား ဖြစ်ပါတယ်ခင်ဗျာ။ သို့သော်လည်းပေါ့ဗျာ။ ကောင်းတဲ့အလုပ်ကို ကောင်းတဲ့စေတနာနဲ့ ကောင်းအောင်လုပ်ကြဖို့တော့ လိုတယ်ခင်ဗျ။ အခု ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားဆိုသူတွေက အဖြူရောင်လှိုင်း လှုပ်ရှားမှုဆိုပြီး အစုအဖွဲ့ အသင်းအဖွဲ့နဲ့ သတင်းမေးသလိုလို၊ အတင်းအဖျင်းဆွေးနွေးသလိုလို လုပ်နေတာကတော့ သွေးရိုးသားရိုးမဟုတ်ဘဲ မျောက်ပြဆန်တောင်းအကြောင်းပြပြီး ဆူပူသောင်းကျန်းဖို့ အုပ်စုဖွဲ့ လှုံ့ဆော်တာလို့ပဲ ပေါက်စ ပြောချင်သဗျ။

အဲ---လာပုံကပြောပုံကို ရွှေချသလိုလိုအချိုးနဲ့ မရိုးမသား လုပ်လာတာကလည်း မသိရင်ခက်မယ်လို့ပဲ ပေါက်စ လက်တို့ပြီး ပြောချင်သဗျာ။ ဘယ့်နှယ်ဗျာ ကိုယ့်ပါတီ၊ ကိုယ့်အုပ်စုခေါင်းဆောင်အတွက် ဆုတောင်းတယ်ဆိုတာ ကိုယ့်အိမ်ကိုယ့်ရာက ဘုရားမှာ ကိုယ်စီကိုယ်စီ ဆုတောင်းကြရင်လည်း စေတနာမြောက်သလောက် အကျိုးတရား သက်ရောက်မှာပေါ့ဗျာ။ အခုလို လူစုလူဝေးနဲ့ အဲဒီအမျိုးသမီးပုံပါတဲ့ အင်္ကျီတွေဝတ်ပြီး ဘုရားပေါ်တက် ဆုတောင်းတော့ ဘာနဲ့တူသလဲဆိုရင် မီးရထားတွေ၊ သင်္ဘောတွေပေါ်မှာ ဆေးရောင်းတဲ့ ဆေးကြော်ငြာသမားအလုပ်မျိုးပဲ ဖြစ်တယ်လို့ ပေါက်စပြောရင် မလွန်ဘူးထင်ပါရဲ့ ခင်ဗျာ။

ဘာလို့လဲဆိုတော့ ဆေးကြော်ငြာသမားကလည်း သူကြော်ငြာတဲ့ ဆေးအမှတ်တံဆိပ်ပါတဲ့ အင်္ကျီဝတ်ပြီး သူ့ဆေးရောင်းရ၊ မရောင်းရတာက အဓိကမကျဘူး၊ သူ့ဆေးကို လူများများသိအောင် လူထုထဲမှာ အာဝဇ္ဇန်းကောင်းကောင်းနဲ့ ပြောရဆိုရတာကိုးခင်ဗျာ။ အခုလည်း သူတို့ခေါင်းဆောင်ဆိုတဲ့ အမျိုးသမီးကို တော်ကြောင်း၊ တတ်ကြောင်း၊ သူ့ထက်တော်တဲ့ တတ်တဲ့သူတောင် သူ့လောက်မတော်ကြောင်း မတတ်ကြောင်း၊ နိုဘယ်ဆုတွေ အပါအဝင် ဆုပေါင်း ၉၀ နီးနီး ရရှိပြီးဖြစ်တဲ့အကြောင်း၊ သူတို့အတွက် ပါတီခေါင်းဆောင် အမျိုးသမီးမှတစ်ပါး ကိုးကွယ်ရာမရှိ စည်းရုံးရေးနတ္ထိဖြစ်နေတဲ့အကြောင်း သောင်းပြောင်းထွေလာ ကြော်ငြာစကားတွေပြောပြီး ဘုရားရင်ပြင်ပေါ်မှာ ဘုရားဖူးပြည်သူတွေ မကြားချင်အဆုံးရွတ်ဖတ်သရဇ္ဈာယ် မဖွယ်မရာ လုပ်နေတာကလည်း ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာဖြစ်အောင် ဆုတောင်းမှားကြလေသလားလို့ ပေါက်စ တရားကျမိသဗျာ။

**အခုလို တည်ငြိမ်အေးချမ်းနေတဲ့ ပြည်သူတွေရဲ့ လူမှုဘဝအခြေအနေကို ဝေလေလေ နိုင်ငံရေးစတန့်တွေနဲ့ ဟိုကလှန့်၊ ဒီကခြောက်ပြီး မတောက်တခေါက် နိုင်ငံရေးသမားအလုပ်တွေ လုပ်နေလို့ကတော့ နှစ်ဆယ့်လေးနာရီ လျှပ်စစ်မီးလင်းလာမှာလည်း မဟုတ်ဘူးဗျာ၊ ကုန်ဈေးနှုန်းလည်း ကျဆင်းလာမှာမဟုတ်ဘူးခင်ဗျ။ ယုန်အပြေးပျက်အောင် ခမောက်နဲ့ပစ်သလိုမျိုး၊ ခွေးကျိုးနဲ့ယုန်လိုက်တာလိုမျိုး ဘယ်လိုမှ ကောင်းမွန်တဲ့ အကျိုးတရားရလာမှာမဟုတ်ဘူးခင်ဗျ။** စာမျက်နှာ ၇ ကော်လံ ၁ သို့ ➡

> **အခုလို တည်ငြိမ်အေးချမ်းနေတဲ့ ပြည်သူတွေရဲ့ လူမှုဘဝအခြေအနေကို ဝေလေလေ နိုင်ငံရေးစတန့်တွေနဲ့ ဟိုကလှန့်၊ ဒီကခြောက်ပြီး မတောက်တခေါက် နိုင်ငံရေးသမားအလုပ်တွေ လုပ်နေလို့ကတော့ နှစ်ဆယ့်လေးနာရီ လျှပ်စစ်မီးလင်းလာမှာလည်း မဟုတ်ဘူးဗျာ၊ ကုန်ဈေးနှုန်းလည်း ကျဆင်းလာမှာမဟုတ်ဘူးခင်ဗျ။ ယုန်အပြေးပျက်အောင် ခမောက်နဲ့ပစ်သလိုမျိုး၊ ခွေးကျိုးနဲ့ ယုန်လိုက်တာလိုမျိုး ဘယ်လိုမှ ကောင်းမွန်တဲ့ အကျိုးတရားရလာမှာမဟုတ်ဘူးခင်ဗျ။**

➡ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

အမှန်တကယ် ပြည်သူတွေရဲ့ အကျိုးစီးပွားကိုလိုလားပြီး ပြည်သူတွေကို ကိုယ်စားပြုတယ်ဆိုရင် ပြည်သူရဲ့အကျိုးစီးပွားကို ဆန့်ကျင်ဖျက်ဆီး နှောင့်ယှက်ကန့်ကွက်ပိတ်ဆို့မှုတွေကို ရပ်တန်းကရပ်ဖို့ တောင်းဆိုလုပ်ဆောင်ကြရမှာပဲဖြစ်တယ်ဗျာ။ ပြည်သူတွေနဲ့အတူ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အခက်အခဲတွေကို ရင်ဆိုင်ဖြေရှင်းကျော်လွှား ရုန်းကန်ရင်း အနာဂတ် နိုင်ငံတော်သစ်ကို တည်ဆောက်ကြရမှာ ဖြစ်ပါတယ်ခင်ဗျာ။ အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးဆိုတာ ပြည်သူတွေရဲ့ အမျိုးသားရေး အကျိုးစီးပွားကို ဖော်ဆောင်မယ့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ကြဖို့ ဖြစ်တယ်ဗျာ။

**နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ချမှတ်ထားတဲ့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံအောင်မြင်စွာကျင်းပနိုင်ရေးကို ပြည်သူတွေနဲ့အတူ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ရှိတယ်ဗျာ။ အဲဒီတာဝန်ဟာ လက်ငင်းအမျိုးသားရေးတာဝန်လည်း ဖြစ်တယ်ခင်ဗျ။**

ဘာလို့လဲဆိုတော့ အမျိုးသားညီလာခံမှာ နိုင်ငံတော်ရဲ့ အသက်ဝိညာဉ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်ရေးဆွဲပြဋ္ဌာန်းရမယ့် အခြေခံမူတွေနဲ့ အသေးစိတ်အခြေခံမူတွေကို တစ်မျိုးသားလုံးရဲ့ ဆန္ဒသဘောထားတွေနဲ့ ညှိနှိုင်းချမှတ်နေတယ်ဗျာ။ အမျိုးသားညီလာခံဟာ တိုင်းရင်းသားစုံ၊ လူထုလူတန်းစားအလွှာစုံ တက်ရောက်ညှိနှိုင်းတဲ့ ညီလာခံ ဖြစ်သလို နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်တဲ့ တစ်ခုတည်းသောလမ်းဖြစ်ပြီး ပြောမယ်ဆိုရင် တိုင်းပြုပြည်ပြု အစည်းအဝေးကြီးလည်းဖြစ်သဗျ။

အဲဒီအခြေအနေအရပ်ရပ်ကို နိုင်ငံတော်ရဲ့ ပကတိအရှိတရားတွေနဲ့ ထင်ဟပ်လေ့လာသုံးသပ်ပြီး အဆုံးအဖြတ်ပြုရမှာကတော့ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ လူမှုရေး၊ စီးပွားရေးဘဝဟာ ၁၉၈၈ခုနှစ်က အခြေအနေ မဟုတ်တော့သလို ၂၁ရာစုခေတ်ထဲကို ရောက်နေတဲ့ ပြည်သူတွေရဲ့ အတွေးအခေါ် အသိအမြင်ဟာ မြင့်မားတိုးတက်နေပြီ ဖြစ်ပါတယ်။ ၂၁ရာစုခေတ်ရဲ့ အတွေးအခေါ် အသိအမြင်နဲ့ နိုင်ငံတည်ငြိမ်ရေး၊ စီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုသိပ္ပံနည်းပညာတွေနဲ့ လူမှုရေးဆိုင်ရာ အခြေအနေတွေ မြင့်မားတိုးတက်ရေးတွေကို ဦးတည်မျှော်မှန်းပြီး အနာဂတ် နိုင်ငံတော်သစ်လမ်းပေါ်မှာ အခိုင်အမာ ရပ်တည်နေကြတယ်ဗျာ။

သို့ကလို **နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ ပကတိအရှိဘဝတွေနဲ့ ပြောင်းလဲ ဖြစ်ပေါ်တိုးတက်နေတဲ့ အမျိုးသားနိုင်ငံရေးသမိုင်းစဉ်တရားကို ဆန့်ကျင် ငြင်းပယ်ပြီး ၁၉၈၈ခုနှစ်ကလို မင်းမဲ့စရိုက်သောင်းကျန်းမှုမျိုးဖြစ်လာအောင် ဆိုင်းဘုတ်ထောင်လူစုပြီး ဆူပူအုံကြွလာအောင် သိမ်းသွင်းစည်းရုံး လှည့်ဖြားလို့မရတော့ဘူးဆိုတာ ပေါက်စ ကြိုကြိုတင်တင် သတိပေးပါရစေခင်ဗျ။ မရေမရာ၊ မသေမချာ၊ မခိုင်မာတဲ့ အကြောင်းပြချက်တွေနဲ့ တောင်းပွဲ၊ တိုက်ပွဲတွေကိုလည်း ပြည်သူတွေက လက်မခံ မယုံကြည်တော့ပါဘူးခင်ဗျာ။**

ပေါက်စ နိဂုံးကမ္ပတ်အနေနဲ့ အနားသတ်ပြီး စကားဖြတ်ရရင် ဒီနေ့ကာလဟာ ၁၉၈၈ ခုနှစ် မဟုတ်တော့ဘူးခင်ဗျာ၊ ၂၀၀၇ခုနှစ်ဟူသော ၂၁ရာစုခေတ်ထဲမှာ ပြည်သူတွေက နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ပူးပေါင်းပါဝင် ကြိုးပမ်းအကောင်အထည်ဖော်နေကြပြီဖြစ်သလို **"ဆိုင်းဘုတ်ထောင်လူစုပြီး ဆူပူတဲ့ခေတ်ကုန်ပြီ"** ဆိုတဲ့အကြောင်း ပေါက်စ စလောင်းမကူဘဲ မောင်းတဒူဒူခတ်ပြီး ကြေညာအပ်ပါတယ်ခင်ဗျား။ ။

# တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တိုင်းစစ်ဌာနချုပ်မိသားစုဝင်များ၏ မိုးရာသီ စပေါင်းကြက်ဆူစိုက်ပျိုးပွဲ တက်ရောက်အားပေး

နေပြည်တော် မေ ၂၄

**နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ မိုးရာသီစပေါင်း ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် တိုင်းစစ်ဌာနချုပ် စစ်သည်စားရိပ်သာရှေ့၌ ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်နယ်၊တပ်ရင်း၊တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။**

### ပျိုးထောင်စိုက်ပျိုး

အစီအစဉ်အရ တိုင်းမှူးနှင့် ဇနီးတို့သည် တိုင်းစစ်ဌာနချုပ်မိသားစုဝင်များအား ခြံစည်းရိုး ကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကိုပေးအပ်ပြီး ပျိုးအိတ်များအတွင်း မျိုးစေ့နှင့် ပျိုးကိုင်းများကို ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့သည် တိုင်းစစ်ဌာနချုပ်ရှိ အရာရှိ စစ်သည်၊ မိသားစုဝင်များ ခြံစည်းရိုး ကြက်ဆူပျိုးပင်များ တပျော်တပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားတွင် ခြံစည်းရိုးကြက်ဆူပျိုးပင် တစ်သောင်းငါးရာနှင့် သင်္ဘောကြက်ဆူ ၁၅၆၀ တို့အား စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



### ကြည့်ရှုအားပေး

**နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီးတို့ နေပြည်တော်တိုင်း စစ်ဌာနချုပ်၏ မိုးရာသီ စပေါင်းခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အမှတ်(၁)ဓာတ်မြေသြဇာစက်ရုံ(စလေ)နှင့် ကျွန်းချောင်းရေနံဓာတ်ငွေ့ရည်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၄**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၀ ရက်တွင် မကွေးတိုင်း စလေမြို့ရှိ အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး ဦးတင်မောင်ဆွေက လျှပ်စစ်ဓာတ်အားရရှိမှုအပေါ် မူတည်ပြီး လက်ရှိဓာတ်မြေသြဇာ ထုတ်လုပ်နေမှုအခြေအနေကိုလည်းကောင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ညွှန်ကြားရေးမှူး(ကုန်ထုတ်) ဦးမျိုးမြင့်က စက်ရုံပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက စက်ရုံများအလိုက် ဓာတ်မြေသြဇာ တိုးတက်ထုတ်လုပ်ရေးနှင့် လျာထားချက်ပြည့်မီအောင် ဝန်ထမ်းများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်သွားကြရန်မှာကြားပြီး ဓာတ်မြေသြဇာ တိုးတက်ထုတ်လုပ်ရေးအတွက် ဆောင်ရွက်ရမည့်အစီအစဉ်များကို ချမှတ်ပေးကာ ဓာတ်မြေသြဇာ ထုတ်လုပ်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ကျွန်းချောင်း ရေနံဓာတ်ငွေ့ရည်(LPG) စက်ရုံသို့ ရောက်ရှိပြီး စက်ရုံ၏ ရေနံဓာတ်ငွေ့ရည် (LPG)ထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကျွန်းချောင်း ရေနံဓာတ်ငွေ့ရည် (LPG) စက်ရုံ စက်ခန်းအတွင်း ရေနံဓာတ်ငွေ့ရည် ထုတ်နေမှုအခြေအနေ ကြည့်ရှုစစ်ဆေးစဉ်။** (စွမ်းအင်)



# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

## ၂၅-၅-၂၀၀၇ (သောကြာနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ (ယနေ့အစီအစဉ်) |
| ၇း၀၅ | (၂၄) ပစ္စည်းပဋ္ဌာန်းဒေသနာတရားတော် (အပိုင်း-၄) (ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်) |
| ၈း၀၀ | တေးဂီတအစီအစဉ် |
| ၈း၀၅ | ထူးထူးခြားခြား မိကျောင်းငယ်လေး |
| ၈း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ | Myamnar Video Rhythm |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | စားကောင်းမယ့် ထမင်းတစ်လုတ် |
| ၉း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ | အမှန်ချစ်မှအချစ်မှန် (ဖြိုးငွေစိုး၊ မေနန်းခေါင်၊ ထက်ရှား၊ ဒေါ်အိအိစိုး) |
| ၉း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ | စိတ်ဝင်စားဖွယ်ရာ မျက်လှည့်ပညာ |
| ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | သင်ယူလေ့လာဂီတပညာ (နိုင်ဇော်၏ဂစ်တာသင်ခန်းစာများ)(အပိုင်း-၁)(ပထမပိုင်း) |
| ၁၀း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၀၀ | ဝင်ငွေတိုးစေဖို့ တီလားပီးယားငါးမွေးကြစို့ |
| ၁၁း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁း၃၀ | အလှမှာဝင့်ထည် မြန်မာ့ပါတိတ်ချည်ထည် |
| ၁၁း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ) |
| ၁၂း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၃၅ | တေးဂီတအစီအစဉ် |
| ၁၂း၄၀ | စွမ်းအင်တို့ရဲ့နှီးစက် (ကခုန်ခြင်းနှင့်အားကစား) |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ဂုဏဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်

**ရန်ကုန် မေ ၂၄**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းခံရသော ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပဏ္ဍိစ္စ (သာယာဝတီကျောင်း)ဆရာတော်နှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သုဗြဟ္မ(စိတ္တသုခကျောင်း) ဆရာတော်နှစ်ပါးတို့အား ကြည့်မြင်တိုင်မြို့နယ်မှ ထပ်ဆင့်ဂုဏ်ပြုပွဲ ဂုဏဝိသိဋ္ဌပူဇာသဘင်ကို မေ ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် စလင်းကျောင်းတိုက် ဂန္ဓကုဋိတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။ (က-ပ)

# မြန်မာဘိလိယက် အားကစားအဖွဲ့ ကာတာနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၂၄**

၂၀၀၇ ခုနှစ် မေ ၂၆ ရက်မှ ဇွန် ၂ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပမည့် (၆)ကြိမ်မြောက် အာရှဘိလိယက်တစ်ဦးချင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်သူ ဦးကျော်နိုင်ဦး၊ အားကစားသမားများဖြစ်ကြသည့် အောင်ဆန်းဦး၊ နေသွေးဦးနှင့် အောင်ဌေးတို့ ပါဝင်သည့် မြန်မာဘိလိယက်အားကစားအဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်အမှုဆောင်များ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်း ၄၇၉၁ ဧက ထူထောင် သဘာဝသစ်တောထိန်းသိမ်းမှုကို ဧက ၂၈၈၇၀ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့

* ရှေ့ဖုံးမှ

သက်သာချောင်ချိရေးဆိုင်ရာများ ကြိုးပမ်းဆောင်ရွက်ရေး၊ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်ရေးတို့ကို မှာကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် စလင်း–ဆင်ဖြူကျွန်း ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာလာကြရာ စလင်းမြို့နယ် မကျီးပင်ပုကျေးရွာအုပ်စုအနီး မိုင်တိုင်(၃၄)၌ ကွင်းအမှတ်(၅၇၃)ရှိ နွေစပါးပန်းတိုင်ဧက ၅၀၀ နှင့် မနောသုခမျိုးသန့်၊ မျိုးပွားဧက ၁၀၀ စိုက်ကွင်းသို့ ရောက်ရှိကြပြီး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများနှင့် ခြံစည်းရိုး ကြက်ဆူဧက ၂၀ ပျိုးထောင်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

စလင်းမြို့နယ်အနေဖြင့် ယခင်နှစ် မိုးစပါး ၈၀၅၃၇ ဧကနှင့် နွေစပါး ၂၆၅၃၇ ဧက စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စလင်းမြို့နယ် ကျစ်ကန်ကျေးရွာအနီး မိုင်တိုင်(၃၅)၌ကျင်းပသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့အထိ စလင်းမြို့နယ် ကျစ်ကန်ကျေးရွာစိုက်ကွင်းတွင် ခြံစည်းရိုးကြက်ဆူပင်ဧက ၂၀၊ အပင်ပေါင်း ၂၄၀၀၀ စိုက်ပျိုးပြီးကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စလင်းမြို့ ၁၆ ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ နံနက် ၉ နာရီတွင် ရောက်ရှိကြကာ ဆေးရုံအုပ်ဒေါက်တာခင်စန်းမြင့်နှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး ဆေးရုံအတွင်း ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ (အမျိုးသား)လူနာဆောင်၊ E.C.G ခန်း၊ (အမျိုးသမီး)လူနာဆောင်၊ ပြင်ပလူနာဌာနနှင့် သွားဆေးကုသခံ၊ စရိတ်မျှပေး ကျန်းမာရေး ဆေးကုခန်းနှင့် ဆေးဆိုင်တို့ကို ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဆီစွယ်ရွာအနီး မိုင်တိုင်(၈၅/၀)ရှိ တညောင်လျှပ်စစ်မြစ်ရေတင်လက်တံ(၃) ရေသွယ်မြောင်းရေသောက် မကျီးခင်ကွင်းရှိ မနောသုခနှင့် ရွှေသွယ်ရင်နွေစပါး ဧက ၆၅၀ စိုက်ကွင်းသို့ ရောက်ရှိကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကြိုဆိုသည်။ ဆက်လက်၍ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စလင်းမြို့နယ် တညောင်ကျေးရွာအုပ်စု၊ လေသာကုန်းကျေးရွာအနီး မိုင်တိုင်(၆၃/၁)ရှိ တညောင်လျှပ်စစ်မြစ်ရေတင်စီမံကိန်းရေတင်စက်ရုံသို့ ရောက်ရှိကြပြီး ရေတင်စက်ရုံမှ ရေစုပ်စက်များဖြင့် ဧရာဝတီမြစ်ရေများ စုပ်တင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေတင်စက်ရုံမှ စုပ်တင်လိုက်သောရေများ ရေပေးမြောင်းမကြီးအတွင်း ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လေသာကုန်းကျေးရွာအနီး မိုင်တိုင်(၆၃/၁)ရှိ တညောင်လျှပ်စစ်မြစ်ရေတင်စီမံကိန်းရုံး ပင်မရေတင်ရေငြိမ်ကန်သို့ ရောက်ရှိပြီး ရေတင်ပို့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးက တညောင်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လျှပ်စစ်မြစ်ရေဖြင့် တစ်နှစ်ထက်တစ်နှစ် နွေစပါး၊ မိုးစပါး တိုးချဲ့စိုက်ပျိုးသွားနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါစီမံကိန်းပြီးစီးပါက စီမံကိန်းဧရိယာ ဧက ၁၅၀၀၀ အားတစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ ရေတင်စက်ရုံရှစ်ခုမှာ ၃၅၅ ကီလိုဝပ် မော်တာ ၃၀၊ ကျူဆက်ပန့်ရှစ်လုံး၊ ၅၅ ကီလိုဝပ် မော်တာ ကိုးလုံး၊ ကျူဆက်ပန့် ၂၅ လုံး စုစုပေါင်း ၃၃ လုံးဖြင့် ရေစုပ်တင်မှုကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မိုးစပါး ၄၀၇၈ ဧက စိုက်ပျိုးခဲ့ပြီး နွေစပါးဧက ၁၀၀၀ ဆက်လက်စိုက်ပျိုးသွားရန် လျာထားကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ဖြူကျွန်း–ဆိပ်ဖြူလမ်း မိုင်တိုင်(၆၃/၇)ရှိ ဆိပ်ဖြူအောက်ဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးက စီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆိပ်ဖြူအောက်ဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းအကျိုးပြုဧကမှာ စပါးဧက ၁၅၀၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကိုးထောင့်ကျေးရွာအုပ်စု (ရေလယ်ကျွန်း)ကျေးရွာ၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြကာ မျိုးအိတ်များအတွင်းသို့ မျိုးစေ့နှင့်ပျိုးကိုင်းများ ပျိုးထောင်ပေး၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ခြံစည်းရိုးစိုက်ပျိုးပွဲတွင် မြေငါးဧကနှင့် ခြံစည်းရိုးကြက်ဆူပျိုးပင် ၆၀၀၀ ကို စိုက်ပျိုးပေးခြင်းဖြစ်ပြီး ယခင်စိုက်ပျိုးပြီး ခြံစည်းရိုးကြက်ဆူပင်ဧကမှာ ၉၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂ နာရီတွင် ပွင့်ဖြူ–ပခုက္ကူလမ်း မိုင်တိုင်(၁၃/၇)ရှိ ကံခင်း–ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း (ပခုက္ကူ–ပွင့်ဖြူလမ်းပိုင်း) ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြန်မာ့မီးရထား လက်ထောက်အထွေထွေမန်နေဂျာ (မြို့ပြ) ဦးမောင်မောင်သွင်က ပခုက္ကူ–ပွင့်ဖြူ ရထားလမ်းအူကြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ပခုက္ကူ–ဆိပ်ဖြူပိုင်း၊ ဆိပ်ဖြူ–စလင်းပိုင်းနှင့် စလင်း–ပွင့်ဖြူ အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အထွေထွေမန်နေဂျာ(မြို့ပြ) ဦးသီဟန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းများကို အချိန်မီပြီးစီးရေးအတွက် တစ်ပြိုင်တည်း ဆောင်ရွက်သွားကြရန်၊ လိုအပ်သည်များကို ဒေသအာဏာပိုင်အဖွဲ့အစည်းများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြရန်၊ တံတားဆောက်လုပ်ရေးပိုင်း တာဝန်ယူဆောင်ရွက်မည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှလည်း မြန်မာ့မီးရထားနှင့်ညှိနှိုင်းပြီး အမြန်စီမံ ဆောင်ရွက်သွားရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မင်းဘူး–ဆိပ်ဖြူ–ပခုက္ကူလမ်းကြောင်းပေါ်ရှိ ယောချောင်းတံတား(ကံတွင်း) တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပခုက္ကူခရိုင် အင်ဂျင်နီယာမှူး ဦးဇော်ဝင်းမြင့်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် တံတားထိန်းသိမ်းမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် စနစ်တကျပြုပြင်ထိန်းသိမ်းသွားရန်နှင့် ရေစီးရေလာအခြေအနေနှင့် လိုအပ်ချက်များကို မပြတ်လေ့လာ စိစစ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်ရှုရပ်မှ တံတားကြီးကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆိပ်ဖြူ–ပခုက္ကူလမ်း(တန့်ကြည်တောင် ရှောင်ကွင်းလမ်း)အတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး လမ်းဘေး ဝဲ/ယာ၌ စိုက်ပျိုးဖြစ်ထွန်းနေသော သဘာဝတော ကာကွယ်ထိန်းသိမ်းမှုနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မကွေးတိုင်း ပခုက္ကူခရိုင် တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေး မိုင်(၃၁/၄)ရှိ မုံတောင်ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ပခုက္ကူမြို့နယ် ဦးစီးအရာရှိ ဦးစန်းလွင်က တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ပခုက္ကူခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများ လမ်းဘေးဝဲ/ယာတွင် ကျောက်စည်ရေဖြည့်ကန်ထားရှိ၍ စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် ဆောင်ရွက်ရေး၊ စိုက်ပျိုးရာတွင် ရှင်သန်ဖြစ်ထွန်းမည့် ဒေသနှင့်ကိုက်ညီသည့်အပင်များကို တိုးချဲ့စိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်း စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ပခုက္ကူမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့တွင် ၁၉၉၅–၁၉၉၆ မှ ၂၀၀၆–၂၀၀၇ခုနှစ်အထိ ကာလအတွင်း သစ်တောစိုက်ခင်း ၄၇၉၁ ဧက ထူထောင်ခဲ့ပြီး သဘာဝသစ်တောထိန်းသိမ်းမှုကို ဧက ၂၈၈၇၀ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မကွေးတိုင်း ပခုက္ကူမြို့နယ် စဘေရွာသစ်အနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်လျက်ရှိသော စဘေရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) ညွှန်ကြားရေးမှူး ဦးအေးသိန်းက ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် တည်ဆောက်လျက်ရှိသော စဘေရေလှောင် တမံစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်ရှုရပ်မှ စဘေရေလှောင်တမံ စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းခွင်၌ စက်ယန္တရားများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စဘေရေလှောင်တမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့် ၃၂ ပေ၊ အလျားပေ ၆၉၀၀ ဖြစ်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၁၆၁၀ ဖြစ်ပြီး ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ်ပိုက် ၁ ဒသမ ၅ အချင်းရှိကာ ရေပိုလွှဲအမျိုးအစားမှာ ကျောက်စီပန်းရန်ဖြစ်သည်။ တူးမြောင်းမအလျားပေ ၅၀၀၀၀ ရှိပြီး ဆည်ရေပေးဝေနိုင်မည့် ဧရိယာဧက ၃၀၀ ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကမ္ဘ–မြစ်ခြေလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပခုက္ကူမြို့နယ် ကမ္ဘစံပြကျေးရွာ ရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများနှင့်အတူ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ပခုက္ကူမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)



**မြန်မာနိုင်ငံရဲတပ်ဖွဲ့(ပုံရိပ်စီမံချက်) အောင်မြင်ရေး ထမ်းပိုးဆောင်ရွက်သည့် ကျပန်းစကားပြောပြိုင်ပွဲ(မြို့နယ်အဆင့်)ကို မေ ၁၉ ရက်က မြဝတီခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ကျင်းပရာ တပ်ဖွဲ့ဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို မြဝတီခရိုင် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

## စာရေးဆရာကြီးမန်းတင် အမှတ်တရကျင်းပမည်

**ရန်ကုန် မေ ၂၄**

သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ကြီးမှူးပြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့တွင် နေထိုင်ခဲ့သည့် အမျိုးသားစာပေဆုရ (ယခင်စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌဟောင်း) ကွယ်လွန်သူ စာရေးဆရာကြီး ဦးထွန်းတင်(မန်းတင်)အား ဂုဏ်ပြုသည့်အနေဖြင့် “မန်းတင်စာပေဆု”နှင့် “မန်းတင် အမှတ်တရ စာပေပွဲတစ်ရပ်”ကို မကြာမီ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (မြို့နယ်စာပေစာနယ်ဇင်း)

**✱ ကျောဖုံးမှ**

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို စီမံဆောင်ရွက်ပေးပြီး ဒေသ၌စိုက်ပျိုးလိုသူများ ပိုမိုပေါ်ထွက်လာစေရန် စည်းရုံးဆောင်ရွက်ရေး၊ နည်းပညာများအသိပေး ဖြန့်ဝေပေးရေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စိုစိုပြေပြေကုမ္ပဏီ၏ ရော်ဘာပျိုးခြံအတွင်း တစ်နှစ်နှင့် ရှစ်လသားအရွယ်ရှိ ရော်ဘာပျိုးပင် ၉၉၂၄၈၅ပင် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့ အနီးပတ်ဝန်းကျင်၌ ဆင်းရွှေလီ အစေ့ထုတ်ပြောင်းများနှင့် နွေစပါးစိုက်ပျိုးထားရှိမှု၊ ဒေသသီးနှံပင်များ စိုက်ပျိုးထားရှိမှုနှင့် မူဆယ်မြို့ ကုန်သွယ်/စီးပွားရေးလုပ်ငန်းများ အခြေအနေများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မူဆယ်မြို့မှ ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် လားရှိုးမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မေ ၂၂ ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် လားရှိုး–သီပေါ–မန္တလေး ပြည်ထောင်စုလမ်းမကြီးအတိုင်း ထွက်ခွာခဲ့ကြရာ သီပေါမြို့နယ် ခိုလုံရွာအနီးရှိ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းကို ဆက်သွယ်ထားသော သီပေါ–လွိုင်လင်လမ်းခွဲသို့ ရောက်ရှိကြပြီး ခိုလုံ–နားလန် ကားလမ်းအတိုင်း လမ်းတစ်လျှောက် လမ်းဘေးဝဲယာ ပဲပုပ်နှင့် တောင်ယာစိုက်ခင်းများ အခြေအနေကိုလည်းကောင်း၊ သဘာဝသစ်တောများ အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ သီပေါမြို့နယ် ပန်းညုကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပန်းညုကျေးရွာမှ ကြိုဆိုနေကြသော ရပ်မိရပ်ဖများ ပန်းညုကျေးရွာ၌ လာရောက်တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်ကြရေး၊ ဒေသနေတိုင်းရင်းသားပြည်သူများအပေါ် စိတ်စေတနာကောင်းများထားရှိကာ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပန်းညုကျေးရွာမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်ရာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းတို့က လက်ခံရယူကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပန်းညုကျေးရွာမှ ပန်းညု–နမ့်လန်–လွိုင်လင် ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ နမ့်လန်ကျေးရွာအုပ်စု ဟိုစန့်ကျေးရွာအနီးရှိ လွိုင်လင် သစ်ထုတ်လုပ်ရေးစခန်းသို့ရောက်ရှိကြပြီး နိုင်ငံခြားဝင်ငွေရရှိရေးအတွက် ပြည်ပသို့တင်ပို့ရောင်းချရန် လွိုင်လင်နှင့် မိုင်းကိုင်မြို့နယ်များနှင့် တုံလောသစ်တောကြိုးဝိုင်းတို့မှ ထုတ်ယူထားသော သစ်များစုပုံထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နမ့်လန်ကျေးရွာသို့ ရောက်ရှိကြရာ သီပေါမြို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားခေါင်းဆောင် ဦးလွယ်မောင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နမ့်လန်ကျေးရွာမှ ရပ်မိရပ်ဖများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နမ့်လန်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ သီပေါမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နမ့်လန်ကျေးရွာမှ ရပ်မိရပ်ဖများအား တွေ့ဆုံရာ ရှေးဦးစွာ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က သီပေါမြို့နယ် နမ့်လန်ကျေးရွာ၏ ဒေသဆိုင်ရာ အချက်အလက်များ၊ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ နမ့်လန်ဒေသသည် ရေမြေသဘာဝ ကောင်းမွန်ရုံသာမက ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့ ဆက်သွယ်ရာ၌ လမ်းဆုံဒေသဖြစ်၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မြင်တွေ့ရကြောင်း၊ နန့်လန်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသအေးချမ်းသာယာရေးအတွက် ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိရာ ယခုအခါ နန့်လန်ဒေသသည် အေးချမ်းတည်ငြိမ်လာပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ဖိဖိစီးစီး လုပ်ကိုင်နိုင်ကြပြီဖြစ်ကြောင်း၊ ရရှိထားသည့် ညီညွတ်မှုကိုလည်း အပျက်အစီးမခံဘဲ ပြည်ထောင်စုစိတ်ဓာတ် ကျစ်လျစ်ခိုင်မာသည့် ညီညွတ်မှုများတို့ဖြင့် မိမိဒေသတွင် စီးပွားရေးအလားအလာကောင်းများ ရရှိနေစေရန် အစဉ်အမြဲ ကြိုးစားလုပ်ကိုင်နေကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ကျေးလက်နှင့်မြို့ပြ လူနေမှုအဆင့်အတန်း ကွာဟမှုမရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်မှ နမ့်လန်ဒေသအပါအဝင် ပြည်နယ်တစ်ခုလုံးအား စေတနာထားရှိ၍ ဆောင်ရွက်နေခြင်းအပေါ် ဒေသခံတိုင်းရင်းသားများကလည်း ကျေးဇူးတုံ့ပြန်သောအားဖြင့် မိမိတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရော်ဘာသည် ပြည်ပဈေးကွက် ရရှိနေသဖြင့် နမ့်လန်ဒေသ၌ ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုးကြရန် အကြံပြုပြောကြားလိုကြောင်း။

ထို့ပြင် စက်သုံးဆီအစားထိုးနိုင်ရန် ဇီဝလောင်စာဆီထုတ်ယူနိုင်သည့် ခြံစည်းရိုးကြက်ဆူကိုလည်း နမ့်လန်ဒေသအတွက် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နမ့်လန်တိုက်နယ်ဆေးရုံအတွက် ဆန်အိတ် ၃၀ ကို ဆေးရုံကြီးကြပ်ရေးအကျိုးတော်ဆောင် ဦးဘသန်းထံသို့လည်းကောင်း၊ သွေးတိတ်စက်ကို တိုက်နယ်ဆရာဝန် ဒေါက်တာရွှေဉာဏ်ထံသို့လည်းကောင်း ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နမ့်လန်တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး အလှူငွေများကို လူနာတစ်ဦးချင်းထံ လိုက်လံပေးအပ်သည်။

အဆိုပါ နမ့်လန်တိုက်နယ်ဆေးရုံ၌ လူနာ ၇၅ဦး ဆေးဝါးတက်ရောက်ကုသမှုခံယူလျက်ရှိပြီး ဆေးရုံကြီးကြပ်မှုကော်မတီက ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသော လူနာများအား နေ့စဉ်နံနက်စာ တစ်နပ်ကျွေးမွေး၍ လိုအပ်သောကိစ္စအဝဝကို ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံမှာကြားကာ တပ်ရင်းတပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် အဝတ်အထည်များပေးအပ်၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နမ့်လန်ကျေးရွာမှ ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နောင်ချိုမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မေ ၂၃ရက် နံနက်ပိုင်းတွင် နောင်ချိုမြို့မှ ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

**ကြည့်ရှုအားပေး**

**နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ စပါးရိတ်စက်ဖြင့် စပါးရိတ်သိမ်းပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။**

(လယ်/ဆည်)





# စပါးရိတ်စက်ဖြင့် စပါးရိတ်သိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၂၄

**“လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့ စက်မှုလယ်ယာကူးပြောင်းစို့” ဆောင်ပုဒ်နှင့်အညီ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးစီးကျင်းပသည့် စပါးရိတ်စက်ဖြင့် စပါးရိတ်သိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၂ရက် နံနက် ၈နာရီတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဆန်စပါးဌာနစု စပါးစိုက်ကွင်း၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စပါးရိတ်သိမ်းပြိုင်ပွဲဝင်၊ ပြည်နယ်နှင့်တိုင်း စက်မှုလယ်ယာဦးစီးဌာန၊ ရန်ကုန်နှင့် ကျောက်ဆည်စက်ရုံစုများမှ ပြိုင်ပွဲဝင်များ၊ အကဲဖြတ်အဖွဲ့ဝင်များ၊ ဒေသတွင်းရှိ တောင်သူလယ်သမားများ တက်ရောက်ကြသည်။**

ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကား ပြောကြားရာတွင် နေပြည်တော်တိုင်းသည် ရေဆင်း၊ ငလိုက်၊ ပေါင်းလောင်း၊ ဆင်သေ၊ ချောင်းမကြီး၊ ရန်အောင်မြင်၊ သဲဖြူ၊ ချောင်းမငယ်၊ ကင်းသာ၊ မုန်၊ မြို့လှ၊ ဆင်လူးငန်းစပ် စသည့် ဆည်များ တည်ရှိပြီး ဆည်ရေသောက်ဧရိယာကိုးသောင်းကျော်ရှိကာ မိုးစပါးဧက တစ်သိန်း ခုနစ်သောင်းကျော်နှင့် နွေစပါးဧက သုံးသောင်းကျော် စိုက်ပျိုးနေကြောင်း၊ အထွက်နှုန်းမှာလည်း တစ်ဧကတင်း ၁၀၀ နှုန်းထွက်ရှိအောင် စိုက်ပျိုးနိုင်သည့် ဒေသဖြစ်ကြောင်း၊ နေပြည်တော် စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် နွေစပါးများ အချိန်တိုကာလအတွင်း ရိတ်သိမ်း၍ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစီအစဉ်ဖြင့် စက်ဖြင့် စပါးရိတ်သိမ်းပြိုင်ပွဲများကို ကျင်းပသည့်အတွက် ဒေသတွင်း စပါးရိတ်သိမ်းမှုတွင် စက်စွမ်းအား အသုံးပြုမှု ပိုမိုများပြားလာပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် စီးပွားရေးဦးတည်ချက် (၄)ရပ်တွင် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဆိုသည့် ဦးတည်ချက်ကို ပထမဦးတည်ချက်အဖြစ် ထားရှိလုပ်ဆောင်နေကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရန် တစ်ဧကအထွက်နှုန်းတိုးရေးနှင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေးတို့ကို ဆောင်ရွက်နေကြောင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ရန်အတွက် မျိုးပြောင်းလဲရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေး အရေးကြီးသကဲ့သို့ သီးနှံစိုက်စွမ်းအား တိုးတက်ရေး ဆောင်ရွက်ရန်လည်း အရေးပါကြောင်း၊ သီးနှံတစ်ခုနှင့် တစ်ခုကြား အချိန်တိုကာလအတွင်း တစ်သီး ထပ်မံစိုက်ပျိုးနိုင်ရန်အတွက် စက်စွမ်းအား အသုံးပြုရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိလယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံ ခုနစ်ရုံမှ လယ်ယာသုံး လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များကို တောင်သူလယ်သမားများ အသုံးပြုနိုင်ရန် စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်ပေးလျက်ရှိသည့်အပြင် စက်များ ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်နိုင်ရန် ကိုလည်း လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း၊ ယခုလည်း တောင်သူလယ်သမားများ ကိုယ်တိုင် စက်ဖြင့် ရိတ်သိမ်းခြွေလှေ့နိုင်သည့်အဆင့် ရောက်ရှိစေရန်နှင့် စက်ကိရိယာအသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို လက်တွေ့သိရှိနိုင်ကြစေရန် ရည်ရွယ်၍ စပါးရိတ်စက် ၁၀၅ စီးဖြင့် နေပြည်တော်တွင် စပါးရိတ်သိမ်းပြိုင်ပွဲ ကျင်းပဆောင်ရွက်ပေးပြီး မြို့နယ်အလိုက် ဖြန့်ခွဲ၍ ရိတ်သိမ်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်သူများအတွက် အချိန်တိုကာလအတွင်း ရိတ်သိမ်းနိုင်မည်ဖြစ်သည့်အတွက် အကျိုးရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆက်လက်ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စပါးရိတ်စက်ဖြင့် စပါးရိတ်သိမ်းပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဆန်စပါးဌာနစု စိုက်ကွင်းရှိ ရေဆင်းယာစပါး(၉)၊ မျိုးသန့်ပွားများစိုက်ခင်း သုံးဧကတွင် စတင်ကျင်းပရာ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စက်ရုံစု (ရန်ကုန်)၊ စက်ရုံစု(ကျောက်ဆည်)၊ စက်မှုလယ်ယာ သင်တန်းကျောင်း၊ စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)တို့မှ အသင်း ၁၃သင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်လုပ်သည့် အင်းကုန်းစက်ရုံမှ ထုတ်လုပ်သည့် တစ်နာရီလျှင် ဧကဝက်ပြီးစီးသော လေးတန်းသွားကောက်ရိတ်စက်များဖြင့် ပါဝင်ယှဉ်ပြိုင်ရိတ်သိမ်းကြသည်။

စပါးရိတ်စက်ဖြင့် စပါးရိတ်သိမ်းပြိုင်ပွဲကို တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အသင်းအဖွဲ့ တစ်ဖွဲ့ချင်း ယှဉ်ပြိုင်ရိတ်သိမ်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

စပါးရိတ်စက်ဖြင့် စပါးရိတ်သိမ်းရာတွင် လုပ်ငန်းပြီးစီးရန် ကြာမြင့်သည့်အချိန် စက်ကိုင်တွယ်ရာတွင် ကျွမ်းကျင်မှု၊ အလေအလွင့်နည်းပါးအောင် ရိတ်သိမ်းနိုင်မှုတို့အပေါ် အခြေခံ၍ အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြရာ စက်ရုံစု (ရန်ကုန်) အသင်းက ဒသမ ၂၀ အကွက်ကို ကြာမြင့်ချိန် ၂၂မိနစ်ဖြင့် ပထမ၊ စက်ရုံစု(ကျောက်ဆည်)အသင်းက ကြာမြင့်ချိန် ၂၆မိနစ်ဖြင့် ဒုတိယနှင့် မွန်ပြည်နယ်နှင့် စက်မှုလယ်ယာ (ရုံးချုပ်)အသင်းက ကြာမြင့်ချိန် ၂၈ မိနစ်ဖြင့် တတိယ အသီးသီးရရှိကြသည်။

ထို့နောက် ရိတ်သိမ်းပြီးစပါးများကို စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်သည့် တစ်နာရီ စပါးတင်း ၆၀ ကျသည့် ခြွေလှေ့အမှတ်(၆၀) စပါးခြွေလှေ့စက်များဖြင့် ခြွေလှေ့ကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တတိယဆု ပူးတွဲရရှိသည့် မွန်ပြည်နယ်နှင့် စက်မှုလယ်ယာ (ရုံးချုပ်)အသင်းအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် စက်ရုံစု(ကျောက်ဆည်)အသင်းအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးကလည်းကောင်း၊ ပထမဆုရရှိသည့် စက်ရုံစု(ရန်ကုန်)အသင်းအား နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က လည်းကောင်း ဆုဖလားနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

နေပြည်တော် ပျဉ်းမနားခရိုင်တွင် ယခုနှစ်နွေစပါးဧက ၃၂၅၀၀ စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်ခဲ့ရာ နွေစပါးဧက ၃၂၇၀၇ စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကစပါးတင်း ၁၁၀ ထွက်ရှိနိုင်မည်ဖြစ်ကြောင်းနှင့် စပါးရိတ်စက်ဖြင့် စပါးရိတ်သိမ်းမှုပြိုင်ပွဲဝင် အသင်းများသည် နေပြည်တော်၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များတွင် စိုက်ပျိုးပြီး နွေစပါးများကို မေလမှ ဇွန်လကုန်အထိ ဝန်ကြီးဌာနက ထုတ်လုပ်သည့် ရိတ်သိမ်းစက် ၁၃၅စီးဖြင့် ရိတ်သိမ်းမှုကို ဆောင်ရွက်ပေးကြမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် သတ္တုတွင်းစီမံကိန်းစက်ရုံများ ကြည့်ရှုစစ်ဆေး ရည်မှန်းချက်ပြည့်မီအောင် ကြိုးစားဆောင်ရွက်ကြရန်မှာကြား

နေပြည်တော် မေ ၂၄

**သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောလွင်၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းထွန်းတို့ လိုက်ပါလျက် မေ ၁၉ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရွှေလီရိပ်သာသို့ရောက်ရှိပြီး ရိပ်သာဧည့်ခန်းမ၌ သက်ဆိုင်ရာ ဌာနတာဝန်ခံများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ သတ္တုတွင်းများနှင့်စက်ရုံတာဝန်ခံများ၊ သတ္တုတွင်း လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ သတ္တုကဏ္ဍ တိုးတက်ရေး၊ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးမှာကြားသည်။**

ဝန်ကြီးနှင့်အဖွဲ့သည် မေ ၂၀ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ရာ နမ္မတူဘော်တွင်းသတ္တုတွင်းသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ရှင်းလင်းဆောင်၌ မိုင်းတာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းရွှေက ဘော်တွင်းမိုင်း၏ မြေပေါ်မြေအောက် သတ္တုရိုင်း တူးဖော်မှုနှင့် ရှေ့ဆက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အထွေထွေမန်နေဂျာ ဦးအောင်ဝင်းက ယခုနှစ်အတွင်း သတ္တုရိုင်းများ တူးဖော်ပြီးစီးမှုနှင့် ခဲစင်၊ ငွေစင်များ ထုတ်လုပ်မည့်အစီအစဉ်နှင့် ရေအားလျှပ်စစ်စက်ရုံများမှ လျှပ်စစ်ဓာတ်အား ရရှိမှု၊ မိုင်းနယ်မြေအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုများအား ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက စီမံကိန်းရည်မှန်းချက်များပြည့်မီအောင် ဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်အောင်စိုက်ပျိုး၍ ထိရောက်စွာ အသုံးချရေး လက်တွေ့ကျကျဆောင်ရွက်ရန် မှာကြားသည်။

**စစ်ဆေး**

ဆက်လက်၍ ဘော်တွင်းသတ္တုတွင်း မြေပေါ် သတ္တုသိုက်အား ဟင်းလင်းဖွင့်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် မိုင်းဒီဇိုင်းဖြင့် ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိအောင် အလေးထားဆောင်ရွက်သွားရန် မှာကြားပြီး ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ သတ္တုရိုင်းသန့်စင်ရေး စက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှု တိုးတက်ရေးအတွက် စက်များကြံ့ခိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် နမ္မတူမြို့ သင်တန်းခန်းမ၌ စက်ရုံဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအနေဖြင့် လုပ်ဆောင်ရမည့် လုပ်ငန်းများ ကျွမ်းကျင်မှုရှိအောင် လုပ်ငန်းခွင်အတွင်း လေ့ကျင့်ဆောင်ရွက်သွားရန်၊ တာဝန်ယူ ဆောင်ရွက်ရသည့်လုပ်ငန်းခွင်အတွင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်၍ အဆင့်ဆင့်ကွပ်ကဲမှုစနစ်ဖြင့်ဆောင်ရွက်သွားရန်၊ ရိုးသားကြိုးစားစွာဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်များ ပြည့်မီအောင် နည်းလမ်းများရှာဖွေ၍ ကြိုးစားဆောင်ရွက်ကြရန်၊ အရည်အသွေး ပြည့်မီသည့် ကျွမ်းကျင်လုပ်သားများဖြစ်အောင် လေ့ကျင့်ဖြည့်ဆည်းသွားရန် မှာကြားသည်။

ဆက်လက်၍ ငွေ၊ ခဲ၊ သွပ် သန့်စင်စက်ရုံ၌ စက်အစိတ်အပိုင်းများ ကြံ့ခိုင်ရေးဆောင်ရွက်နေမှုနှင့် ကြိတ်ခွဲမည့် သတ္တုရိုင်းများ အချိုးအစားမှန်ကန်ရေး ရောစပ်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြန်မာအထွင့်အထိပ် ကုမ္ပဏီ၏ ဇင့်အောက်ဆိုဒ်စက်ရုံသို့ ရောက်ရှိပြီး ကျိုချက်စက်ရုံမှ ယခင်စွန့်ပစ်ခဲ့သည့် ခဲချော်ချေးများမှ ဇင့်အောက်ဆိုဒ် ပြန်လည်ထုတ်ယူသည့် စက်ရုံ ထုတ်လုပ်မှုနှင့် ပြုပြင် တည်ဆောက်နေသည့်အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကိုကွင်းဆင်း ကြည့်ရှုစစ်ဆေး၍ အရည်အသွေးမီသည့် ဇင့်အောက်ဆိုဒ်များကို လျာထားသည့် ရည်မှန်းချက်အတိုင်း အပြည့်အဝ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်၊ ထုတ်လုပ်မှု တိုးတက်ရေးအတွက် ဖြည့်သွင်းရမည့်သွင်းအားစုများ ထည့်သွင်း၍ လုပ်ငန်း အောင်မြင်အောင် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် သတ္တုရိုင်းသန့်စင်ရေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## အဖွဲ့အစည်းများသို့ ဝတ်စုံပေးအပ်

**ရန်ကုန် မေ ၂၄**

ကြည့်မြင်တိုင်မြို့နယ် သရက်တော(တောင်)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသော လူမှုရေး အဖွဲ့အစည်းများသို့ ဝတ်စုံပေးအပ်ပွဲကို **(အောက်ပုံ)** ရပ်ကွက်ပြည်လုံး ချမ်းသာဓမ္မာရုံ၌ မေ ၂၀




## အေးသာယာစက်မှုဇုန်၌ ဟောပြောပွဲကျင်းပ

**တောင်ကြီး မေ ၂၄**

အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ ရှမ်းပြည်နယ်(တောင်ပိုင်း) အလုပ်ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ဝင်း၊ အဖွဲ့ဝင် ဦးကျော်မြင့်တို့က အသီးသီး ပေးကြပြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်ခင်မြင့်နှင့် အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး သောင်းလှိုင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (က-ပ)

သမားညွှန်ကြားရေးဦးစီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့ ပူးပေါင်းပြီး ဟောပြောဆွေးနွေးပွဲကို အေးသာယာစက်မှုဇုန်ရှိ သံရည်ကျိုစက်ရုံ အစည်းအဝေးခန်းမ၌ မေ ၁၉ ရက် နံနက် ၉နာရီတွင် ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီလှိုင်က အလုပ်သမားများ ရပိုင်ခွင့်ဆိုင်ရာကိစ္စများနှင့် အလုပ်ရှင်များမှ ဆောင်ရွက်ပေးရန်ကိစ္စများအားလည်းကောင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းလှိုင်နှင့် အလုပ်ရုံစစ်ဆေးရေးမှူး ဦးစည်သူအောင်တို့က အလုပ်ရုံဥပဒေနှင့် စစ်ဆေးရေးဆိုင်ရာကိစ္စများအား လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ ပြည်နယ်မန်နေဂျာ ဦးသန်းဝင်းက လူမှုဖူလုံရေးဆိုင်ရာကိစ္စများကို လည်းကောင်း ဟောပြောဆွေးနွေးပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များအား ပြန်လည် ဖြေကြားကြသည်။ (က-ပ)



**ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်မှ ဗိုလ်ကြီးချစ်ကြွယ်(ငြိမ်း)ဦးဆောင်သော တိ-နိ သာသနာပြုဥပဋ္ဌာက အကျိုးတော်ဆောင်အဖွဲ့ဝင် ၃၀ က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခေါက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ် ၄၅၀၀၀၀ ကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲဖြစ်သည့် အိန္ဒိယနိုင်ငံ တက္ကသိုလ် အသီးသီး ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် ဦးကြူကွမ်အား ရည်စူး၍ ရန်ကုန်မြို့ အဆင့်မြင့် မင်္ဂလာဈေး ဒေါ်အိုင်ရာမိသားစု (မသန်းသန်းနီ ပုဆိုးဆိုင်)က ကျောင်းအလှူငွေ ကျပ် တစ်သိန်းလှူဒါန်းရာ အမှုဆောင် ဦးတူး (မင်္ဂလာဈေး)က လက်ခံပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။** (က-ပ)




**ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း အနော်ရထာအိမ်ရာနေ ကွယ်လွန်သူ ကျေးဇူးရှင် မိခင်ကြီး ဒေါ်တင်တင်ဝင်းအား ရည်စူး၍ သားသမီး မြေးမြစ်တစ်စုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ဘိုးဘွားများအား တစ်နေ့စာ ကျွေးမွေးရန်အတွက် ငွေကျပ်တစ်သိန်း နှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၅-၅-၂၀၀၇ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၃၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဤမှန်သောသစ္စာတရားကြောင့်" (အပိုင်း-၃)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (ဒုတိယတွဲ) အပိုင်း(၄၅)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။



# ရန်ကုန်မြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း သွားရောက်ကြည့်ရှုစစ်ဆေး

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မြန်မာ့စီးပွားရေးဘဏ် e-Transfer Service(1) တွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြု၍ ငွေပေးသွင်းမှု လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**

(ဘဏ္ဍာ/အခွန်)

**ရန်ကုန် မေ ၂၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ငွေစာရင်းဌာနခွဲနှင့် တိုင်းအခွန်ဦးစီးဌာနမှူးရုံးသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် တာဝန်ရှိသူများက ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ယခုဘဏ္ဍာနှစ်အတွင်း အခွန်စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် အထက်အဆင့် အရာထမ်းများနှင့် လုပ်ငန်း ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် မြန်မာ့စီးပွားရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် သီဟသူရဦးသိန်းထွန်းတင်တို့အား တွေ့ဆုံပြီး သတ်မှတ်လျာထားချက်များ ပြည့်မီကျော်လွန်သည့်အခြေအနေတွင် တင်းတိမ်ရောင့်ရဲမနေဘဲ ရသင့်ရထိုက်၊ ဖြစ်သင့်ဖြစ်ထိုက်သည့် အခွန်အခများ ပြည့်ဝမှန်ကန်စွာ ရရှိစေရေး၊ သတ်မှတ်ထားပြီးဖြစ်သည့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူအများ နားလည်သဘောပေါက်နိုင်မည့် ရှင်းလင်းလွယ်ကူမြန်ဆန်သည့် အခွန်စနစ်၏ အရှိန်အဟုန်တိုးတက်စေရန် ဆက်လက်ကြိုးပမ်းကြရေး၊ ရိုးဖြောင့်မှန်ကန်တာဝန်သိပြီး ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်မည့် ဝန်ထမ်းကောင်းများအဖြစ် အစဉ်ရပ်တည်နိုင်ရေး၊ ဌာနတာဝန်ခံ၊ ဒေသတာဝန်ခံများ အပါအဝင် တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ် လိုက်နာဆောင်ရွက်ကြရေး၊ လုပ်ငန်းဆက်စပ်လျက်ရှိသည့် အခြားဦးစီးဌာန၊ လုပ်ငန်းဌာန၊ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဝင်ငွေခွန်ဌာနခွဲ ညွှန်ကြားရေးမှူးဦးသိန်းနိုင်နှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်တို့က ပြည်ပသို့ ထွက်ခွာမည့်သူများအား စိစစ်ရေးအဖွဲ့ရုံးလုပ်ငန်းများတွင် Electonic Transfer နည်းလမ်းဖြင့် e-Banking ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပြည်သူလူထု၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်၏ ထိရောက်ထက်မြက်သော လုပ်ငန်းဆောင်ရွက်မှုများဖြင့် ဖြည့်ဆည်းသွားရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်ပသို့ထွက်ခွာမည့်သူများအား စိစစ်ရေးအဖွဲ့ရုံးသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ မြန်မာ့စီးပွားရေးဘဏ်၊ e-Transfer Service (1) ၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြု၍ ငွေပေးသွင်းမှုလုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုဖြည့်စွက်မှာကြားသည်။

မြန်မာ့စီးပွားရေးဘဏ်၏ e-Transfer Serviceလုပ်ငန်းသည် နိုင်ငံတော်အတွက် ပြည်သူလူထုက ပေးသွင်းငွေများကို မြန်မာ့စီးပွားရေးဘဏ်က သက်ဆိုင်ရာ ဌာနအသီးသီး၌ သွားရောက် လက်ခံရယူပြီး e-Transfer နည်းများ အသုံးပြုကာ ငွေလက်ခံခြင်း၊ မိခင်ဘဏ်နှင့် ဆက်သွယ်ခြင်း၊ ပြေစာထုတ်ပေးခြင်း၊ သက်ဆိုင်ရာ စာရွက်စာတမ်းများ ထုတ်ပေးခြင်းတို့ကို One-Stop Serviceပေးခြင်း လုပ်ငန်းဖြစ်ပြီး ဘဏ်နှင့် ဆက်သွယ်သူများအား ငွေပေးသွင်းသူက ဘဏ်များသို့ သွားရောက်ရန် မလိုအပ်ဘဲ အချိန်တိုအတွင်း လိုအပ်သည့် စာရွက်စာတမ်းများ ထုတ်ယူရရှိနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၅-၂၀၀၇ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Happy and Educational English Summer Course MRTV.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ဓာတုပေဗအထူးပြု) (ဓာတုဗေဒ)
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၀၀ ၅။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၁၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၅:၂၅ ၇။ "အမုန်းချစ်မှအချစ်မုန်း" (ဖြိုးငွေစိုး၊ ထက်ရှား၊ မေနန်းခေါင်) (ဒါရိုက်တာ-ကြည်စိုး)
- ၅:၃၅ ၈။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (မြန်မာနိုင်ငံမူးယစ်ဆေးဝါး ပပျောက်ရေးကြိုးပမ်းချက်)
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၀ ၁၂။ တိပိဋက သာသနာ့အာဇာနည်ပေါ်ထွန်းစေဖို့ရည်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေရောင်သမ်းသော အသည်းနှလုံး" (အပိုင်း-၅)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကြမ္မာနတ်သမီး" (အပိုင်း-၆)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

## ဗုဒ္ဓဂယာကျောင်း ပဋ္ဌာန်းပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းထောင့်ရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒုတိယအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတော်ကြီးကို အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြန်မာကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ စေတနာဆန္ဒသြဝါဒ မေတ္တာတော်နှင့်အညီ မဇ္ဈိမရဟန်းတော်များနှင့် ပြည်တွင်း ပြည်ပ ပင့်သံဃာ အပါး ၃၀ တို့က သုံးရက်တိုင်တိုင် စုပေါင်းစုံညီစွာ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ကြမည် ဖြစ်သည်။

အဆိုပါ ပဋ္ဌာန်းပူဇော်ပွဲကို (၁၃၆၉ ခုနှစ် နယုန်လဆန်း ၁၂ ရက်) ၂၇-၅-၂၀၀၇ (တနင်္ဂနွေနေ့) ညနေ ၅နာရီမှ နယုန်လပြည့်(မဟာသမယအခါတော်နေ့) ၃၀-၅-၂၀၀၇ ရက် နံနက် ၆ နာရီအထိ ရွတ်ဖတ်ပူဇော်ကြပြီး အခမ်းအနားအောင်ပွဲကို နံနက် ၈ နာရီတွင် စုပေါင်းရေစက်သွန်းချ အမျှအတမ်းပေးဝေကာ နံနက် ၉ နာရီတွင် တည်ဆောက်နေဆဲ ဗုဒ္ဓဂယာ မဟာဗောဓိစေတီ ကုန်းတော်အနောက်ဘက်၌ မဟာဗောဓိပင်စိုက်ပျိုးခြင်း အခမ်းအနားကို ပူးတွဲကျင်းပမည်ဖြစ်ရာ စေတနာရှင်များအနေဖြင့်ကြွရောက်ကြည်ညိုနိုင်ကြစေရန် ဖိတ်ကြားထားကြောင်းနှင့် ဖုန်း-၅၃၇၅၉၇၊ ၀၉-၅၁၇ ၆၄၅၀၊ ၀၉ ၅၁၉ ၁၁၄၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## မြန်မာအမျိုးသမီးများနေ့ကို ကြိုဆို ဗိုလ်တထောင်မြို့နယ်၌ သန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် မေ ၂၄**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့(ဗဟို)မှ အဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်နှင့် အဖွဲ့ဝင်များသည် မေ ၂၁ရက် နံနက် ၇နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် ဗိုလ်ကလေးဈေး၌ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စည်ပင် သာယာဝန်ထမ်းများနှင့်အတူ ဈေးပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

ဆက်လက်၍ လုပ်ငန်းအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များသည် ဗိုလ်ကလေးဈေးအတွင်း သန့်ရှင်းရေးအခြေအနေများကို ကြည့်ရှုလေ့လာခဲ့ကြပြီး မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဗိုလ်တထောင်မြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)



## လက်ရွေးစင်နှင့် ယူ-၂၃ အသင်းဖွဲ့စည်းရေး လေးပွင့်ဆိုင်ခြေစမ်းပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မေ ၂၄**

၂၀၀၇ခုနှစ်အတွင်း ကျင်းပမည့်နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာ ယူ-၂၃ အသင်းတို့အား ရွေးချယ်ဖွဲ့စည်းရေး ကျင်းပပြုလုပ်သည့် လေးပွင့်ဆိုင်ခြေစမ်းပွဲ စတုတ္ထပွဲစဉ်ကို ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ကျင်းပရာ အဝါရောင်အသင်းက အဖြူရောင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**အဝါရောင်အသင်း - နှစ်ဂိုး**
(အောင်ကျော်မျိုးနှင့် အောင်မိုး)
**အဖြူရောင်အသင်း - တစ်ဂိုး**
(သူရိန်စိုး)
**ဒိုင်လူကြီး -ဦးမြင့်နိုင်**

မြန်မာ့ လက်ရွေးစင်ဟောင်း အောင်အောင်ဦး(ဂိုး)၊ အောင်ဝင်းနိုင်နှင့် အောင်မြင့်အေးတို့ ဦးဆောင်ပါဝင်လာသည့် အဝါရောင်အသင်းမှာ လက်ရွေးစင်ဟောင်း မင်းသူ၊ ဇော်လင်းထွန်းတို့ ပါဝင်သည့် အဖြူရောင်အသင်းကို အနိုင်ယူကာ နိုင်ပွဲဆက်သွားသည်။ အဖြူရောင်အသင်းမှာ ခြေရည်တူကစားနိုင်သော်လည်း အပြီးသတ် ဂိုးသွင်းအားနည်း၍ ရှုံးရခြင်းဖြစ်သည်။ နှစ်သင်းစလုံး ပထမနေ့ပွဲထွက်ကစားခဲ့သည့် လေးဦးကိုအပြောင်းအလဲလုပ်၍ ပွဲထွက်ခဲ့ပြီး မူလက အပြာအသင်းတွင် ရွေးချယ်ထားသည့် အောင်မြင့်အေးမှာ အဝါအသင်းတွင် ပါဝင်ကစားသွားသည်ကို တွေ့ရသည်။



ခြေစမ်းပွဲအပြီးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီဝင် ဦးလှရွှေလေးက အဖြူရောင်အသင်းအား ကျပ်တစ်သိန်း၊ ဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်က အဝါရောင်အသင်းအား ကျပ်သုံးသိန်းကို ပေးအပ်ချီးမြှင့်သည်။

အဝါရောင် အသင်းတွင် ဂိုး-အောင်အောင်ဦး၊ နောက်တန်း-ထက်အောင် (အောင်ထွန်းလင်း)၊ သူရအောင်၊ တိုးမြင့်လှိုင်၊ကျော်ဇေယျာမင်း၊ အောင်ဝင်းနိုင်၊ အလယ်တန်း-ကျော်သက်ဦး၊ အောင်မြင့်အေး (ဝင်းဇော်အောင်)၊ အောင်မိုး၊ ရှေ့တန်း-ကျော်ကျော်ခိုင် (ညီညီစိုး)နှင့် ကျော်ဇင်ဝင်း(အောင်ကျော်မျိုး)တို့ ပါဝင်ကစားသွားကြပြီး အဖြူရောင်အသင်းတွင် ဂိုး-ဇော်မိုးထက် (ကျော်မင်းလှိုင်)၊ နောက်တန်း-မင်းသူ၊ ဇော်လင်းထွန်း၊ ဇော်ခါး၊ ကျော်ဒွန်း (နေလင်းထိုက်)၊ အလယ်တန်း-ရာဇာစိုး၊ အောင်ရဲထွဋ် (မင်းမင်းထွန်း)၊ စည်သူမောင် (နေဝင်းအောင်)၊ နိုင်ဝင်း၊ ရှေ့တန်း-သူရိန်စိုးနှင့် တင်အောင်မိုး (အောင်သန်းဝင်း) တို့ ပါဝင် ကစားသွားကြသည်။

**၂၆-၅-၂၀၀၇**
**(အောင်ဆန်းကွင်း)**
**ညနေ ၄ နာရီ**
**အပြာရောင်နှင့် အဖြူရောင်**

(ကြေးမုံ)

**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော် အနိုင်ရရှိသွားသော အဝါရောင်အသင်းအား ကျပ်သုံးသိန်း ချီးမြှင့်စဉ်။** (ကြေးမုံ)

# YANKIN RESTAURANT

Ph-578925, 579956

- ရန်ကုန်မြို့မှာ မရရှိသေးတဲ့ စီချွမ်ပြည်နယ်မှ စားဖိုမှူးကြီးများ၏ စီချွမ်စတိုင် ဟင်းလျာအသစ်များ။
- ကွမ်ကျိုးပြည်နယ်မှ စားဖိုမှူးကြီး၏ Dimsum
- ဟော့ပေါ့စားရင်း မိမိကိုယ်တိုင်စိတ်တိုင်းကျ အသားပါကင်စားနိုင်သည့် အမေရိကန်စတိုင် B.B.Q & HOT-POT

May 25 to June လကုန်ထိ 20% Discount ပေးနေပါပြီ။


## အေစီမီလန်ဆုဖလားရရှိမှု သင်ခန်းစာယူနိုင်မှုကြောင့်ဟုဆို

**အေသင် မေ ၂၄**

ဗုဒ္ဓဟူးနေ့က ကျင်းပသည့် ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မိမိတို့အသင်း အနိုင်ရရှိခြင်းမှာ ၂၀၀၅ခုနှစ်က တွေ့ကြုံခဲ့ရသည့် အိပ်မက်ဆိုးမှ သင်ခန်းစာ ယူနိုင်ခြင်းကြောင့် ဖြစ်ကြောင်း အေစီမီလန်အသင်း၏ ကွင်းလယ်ကစားသမား ကာကာက ယနေ့ပြောကြားသည်။

အေစီမီလန်အသင်းသည် ဂရိနိုင်ငံ အေသင်မြို့ရှိ အိုလံပစ်အားကစားကွင်းတွင် လီဗာပူးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိကာ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့သည်။

၂၀၀၅ခုနှစ်က ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ကျင်းပခဲ့ရာ ပွဲကစားချိန် ပထမပိုင်းအတွင်း လီဗာပူးအသင်းက သုံးဂိုးပေးခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ချေပဂိုးများ ပြန်လည်သွင်းယူနိုင်ကာ ပယ်နယ်တီဂိုးများဖြင့် အနိုင်ရရှိခဲ့သည်။ အေသင်တွင် ကျင်းပသည့်



ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အေစီမီလန်အသင်းအတွက် ပွဲချိန် ၄၅မိနစ် နှင့် ၈၂မိနစ်တို့တွင် တိုက်စစ်မှူး အင်ဇာဂီတစ်ဦးတည်းက နှစ်ဂိုးသွင်းပေးခဲ့သည်။ ပွဲချိန် ၈၉မိနစ်တွင် လီဗာပူးအသင်းမှ ဒတ်ကွတ်က ချေပဂိုးတစ်ဂိုး သွင်းခဲ့သည်။ **အင်တာနက်**

**ဂရိနိုင်ငံ အေသင်တွင်ကျင်းပသော ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အနိုင်ရရှိသည့် အေစီမီလန်အသင်းမှ တိုက်စစ်မှူး အင်ဇာဂီအား ဆုဖလားနှင့် အတူတွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

## ရော်နယ်လ်ဒင်ဟိုကိုခေါ်ယူရန် အေစီမီလန်အသင်းမျှော်လင့်

**မီလန် မေ ၂၄**

လာမည့်နွေရာသီ ဘောလုံးသမားအပြောင်းအရွှေ့ကာလတွင်ရော်နယ်လ်ဒင်ဟို**(ယာပုံ)**ကို ခေါ်ယူနိုင်မည်ဟု မိမိ မျှော်လင့်ကြောင်း အေစီမီလန်အသင်းဥက္ကဋ္ဌ ဆယ်လ်ဗီယိုဘာလူစကွန်နီက ယနေ့ ပြောကြားသည်။

အကယ်၍ ရော်နယ်လ်ဒင်ဟိုသည် စပိန်ဘာစီလိုနာအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ပါက ၎င်းသည် မိမိတို့အသင်းကို ရောက်ရှိလာမည်ဟု မျှော်လင့်ကြောင်း ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့အပြီး တစ်ရက်အကြာ၌ ဘာလူစကွန်နီက ပြောကြားသည်။

မိမိတို့အသင်းသည် ရော်နယ်လ်ဒင်ဟို၏ အသင်းဖော် ဆယ်မြူယယ်လ်အီတိုးကိုလည်း ခေါ်ယူလို



ကြောင်း၊ ၎င်းအပြင် ချယ်လ်ဆီးအသင်းမှ အင်ဒရေးရှက်ချင်ကိုကို ပြန်လည်ခေါ်ယူရန်လည်း ရည်မှန်းထားကြောင်း ဘာလူစကွန်နီက ပြောကြားသည်။ ရှက်ချင်ကိုသည် ချယ်လ်ဆီးအသင်းသို့ မရောက်မီ အေစီမီလန်အသင်းတွင် ၁၉၉၉မှ ၂၀၀၆ခုနှစ်အထိ ပါဝင်ကစားခဲ့သည်။ **အင်တာနက်**

# အင်တာနက်အားကစားသတင်း



မန်ချက်စတာ စီးတီးအသင်းမှ နောက်တန်းလူ ဆီဗိန်း ဒစ္စတင်(ယာ)။

*(ဓာတ်ပုံ–အင်တာနက်)*

## မလေးရှားတွင် ကစားမည့်ပွဲ မန်ချက်စတာယူနိုက်တက် ဖျက်သိမ်း

**ကွာလာလမ်ပူ မေ ၂၄**

ပရီမီယာလိဂ်ချန်ပီယံ မန်ချက်စတာယူနိုက်တက်အသင်းသည် အာရှဘောလုံးအဖွဲ့ချုပ်(အေအက်ဖ်စီ)၏ ဖိအားပေးမှုကို အလျှော့ပေးကာ ဇူလိုင်လအတွင်း မလေးရှားတွင် ကစားမည့် ချစ်ကြည်ရေးပွဲကို ဖျက်သိမ်းလိုက်ကြောင်း ယနေ့ အင်တာနက်သတင်း၌ ဖော်ပြသည်။

မလေးရှားတွင် ကျင်းပမည့်ပွဲကို ဖျက်သိမ်းပေးရန် အေအက်ဖ်စီဥက္ကဋ္ဌ မိုဟာမက်ဘင်ဟမ်မန်၊ ပရီမီယာလိဂ်ဥက္ကဋ္ဌ ဆာဒေ့ဗ်ရစ်ချက်နှင့် မန်ချက်စတာယူနိုက်တက်အသင်း အမှုဆောင်အရာရှိချုပ် ဒေးဗစ်ဂီးလ်တို့ ကွာလာလမ်ပူတွင် ဗုဒ္ဓဟူးနေ့က တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ဆုံးဖြတ်ခဲ့သည်။

မလေးရှားနိုင်ငံ၏ နှစ် ၅၀ပြည့်လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယတွင် ယင်းနိုင်ငံ၌ မိမိတို့ဘောလုံးကစားခွင့်ရရှိရန်မျှော်လင့်ခဲ့ကြောင်း၊ သို့ရာတွင် မလေးရှားဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်တို့ရရှိသော သဘောတူညီချက်အရ အာရှဖလားဘောလုံးပြိုင်ပွဲကျင်းပချိန်ကာလအတွင်း အေအက်ဖ်စီ၏ သဘောတူညီချက်မရဘဲ အိမ်ရှင်နိုင်ငံတွင် ကလပ်အသင်း ဘောလုံးပွဲ ကျင်းပနိုင်မည်မဟုတ်ကြောင်း မန်ချက်စတာယူနိုက်တက်အသင်း၏ ကြေညာချက်တွင် ဖော်ပြသည်။ **အင်တာနက်**

## မန်စီးတီးနောက်တန်းလူ ဒစ္စတင် ပို့စ်မောက်အသင်းသို့ ရောက်ရှိမည်

**လန်ဒန် မေ ၂၄**

မန်ချက်စတာစီးတီး နောက်တန်းလူ ဆီဗိန်းဒစ္စတင်အား အသင်းပြောင်းရွှေ့ကြေးမထားရှိဘဲ ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း၊ ပို့စ်မောက်အသင်း မန်နေဂျာ ဟယ်ရီရက်နက်က ယနေ့ထုတ်ဖော်ပြောကြားသည်။

ဒစ္စတင်သည် မေ ၂၂ရက်က မန်ချက်စတာစီးတီးအသင်းမှ နုတ်ထွက်လိုက်ပြီးနောက် ပို့စ်မောက်အသင်းတွင် သုံးနှစ်ကစားရန် သဘောတူညီခဲ့သည်။

မန်နေဂျာ ရက်နက်သည် လွန်ခဲ့သည့် ဘောလုံးရာသီကပင် ပြင်သစ်လူမျိုး ဘောလုံးသမား ဒစ္စတင်အား ခေါ်ယူရန် စိတ်ဝင်စားခဲ့သည်။ သို့ရာတွင် အသက် ၂၉နှစ်ရှိ ဒစ္စတင်က မန်ချက်စတာစီးတီးအသင်းတွင် ၎င်း၏ ကန်ထရိုက်စာချုပ် သက်တမ်းကုန်ဆုံးချိန်အထိ ဆက်လက်နေရန် ဆုံးဖြတ်ခဲ့သည်။

ဒစ္စတင်အား လီဗာပူးအသင်း အပါအဝင် ပရီမီယာလိဂ်ပြိုင်ပွဲဝင်အသင်းအချို့ကလည်း ခေါ်ယူရန်စိတ်ဝင်စားခဲ့သည်။ **အင်တာနက်**

## (၁၀၁)ကြိမ်မြောက် တရားစခန်းပွဲ

**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် (၈)ရပ်ကွက် သံသုမာလမ်း၌ တည်ရှိသော သုဝဏ္ဏသိင်္ဂီဓမ္မရိပ်သာ ကျောင်းတိုက်တွင် ဇွန် ၃ရက်မှ ၁၂ရက်ထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း အဖွဲ့ချုပ်ကြီး၏ နာယက ပြည်တွင်း၊ ပြည်ပသာသနာပြု ပဓာန နာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကစ္စာယနနှင့် နယ်လှည့်ဓမ္မကထိက ဆရာဦးဌေးဝင်း(မအူပင်)တို့က ပဋိစ္စသမုပ္ပါဒ် သစ္စာတရားတော်များကို ၁၀ရက်တိုင်တိုင်ဟောကြားမည်ဖြစ်ပါသဖြင့် တရားဝင်ယောဂီများနှင့် ဆွမ်းအလှူရှင်များအား နှိုးဆော်ထားကြောင်းသိရသည်။ (က–ပ)

**မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းအတွက် အလှူရှင် ဦးသော်သော်မြင့်မိုရ်(မိတ်ကပ်)၊ ဦးသန်းစိုးအောင်–ဒေါ်နီနီတိုး၊ သမီးခင်လဝန်း၊ သား စံမင်းအောင် မိသားစုက ငွေကျပ်သုံးသိန်းပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကာဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။** (၃၀၇)



## [The] LIVE NEWS ဂျာနယ် အမှတ်(၃၆) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် မေ ၂၄**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် [The] LIVE NEWS ဂျာနယ် အမှတ်(၃၆)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

နှစ်(၂၀)ကျော် သက်တမ်းအတွင်း BUS ကားစီးခရီးသည်ပေါင်း နှစ်ဆအထိ မြင့်တက်လာခဲ့၊ မီးခိုးထွက်မော်တော်ယာဉ်များကို မီးခိုးထွက်စီမံချက်အနေဖြင့် ကညန က စစ်ဆေးလျက်ရှိ၊ အကန့်အသတ်မဲ့ ကုန်ပို့နိုင်ခြင်းကြောင့် မြန်မာ့စီးပွားရေးအရှိန်အဟုန် ပိုမြန်လာမည်၊ ကြေကွဲဖွယ် မြန်မာ သင်္ဘောသားသတင်းများ၊ အမှောင်မှအလင်းသို့၊ စာကြည့်တိုက်ဒိုင်ယာရီ(ပုဂံပိဋကတ်တိုက်)၊ ရွှေစက်တော်သွား တောလား (၃)၊ ကမ္ဘောဘဏ်နှင့် အိမ်ဖြူတော်အတွင်းမှ တိုးတိုးတိတ်တိတ်ဇာတ်လမ်းများနှင့် ဂူလ်ဖိုဝစ်ဇ် အရုပ်တော်ပုံ၊ ပျောက်ဆုံးအမေရိကန်စစ်သည်များအတွက် ဆုငွေဒေါ်လာနှစ်သိန်းထုတ်ပြန်၊ ထွက်တော်မူနန်းကခွာမယ်ဆိုတဲ့ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲနှင့် ရိုက်ခတ်လွှင့်ပျံဂယက်သံများ၊ တောင်နှင့် မြောက်ကိုရီးယားအကြား သွေးချင်းယှက်နွယ် မီးရထားဆက်သွယ်၊ စင်ကာပူယောက္ခမကား အလကားစီးသူများ၊ တက္ကစီမင်း၏ နောင်တ၊ မေ ၂၆ရက်မှ ဇွန်လ၁ ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ် ကလေးသူငယ်များ၏ ဘဝတစ်သက်တာကံဇာတာ၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ပါရဂူ၊ မြင်းမူမောင်နိုင်မိုး၊ ကိုကိုလှိုင်၊ မောင်ကြေးစည်(ကေတုမတီ)၊ မောင်မြတ်မွန်(ဆူးလေ)၊ မောင်နေလင်း၊ မေခလာ(RIO)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာတင်ဆက်ထားသည်။

[The] LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

# ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မူဆယ်မြို့အနီး ရော်ဘာစိုက်ခင်း ကြည့်ရှုစစ်ဆေး စိုက်ပျိုးသူများ ပိုမိုပေါ်ထွက်လာရန် စည်းရုံးရေး၊ နည်းပညာဖြန့်ဝေပေးရေး မှာကြား သီပေါမြို့နယ် နမ့်လန်ကျေးရွာ၌ သီပေါမြို့မှ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ

နေပြည်တော် မေ ၂၄

**ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၁ ရက် နံနက်ပိုင်းတွင် မူဆယ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သီပေါမြို့နယ် ပန်းညုကျေးရွာ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့အတွက် မူဆယ်–နမ့်ခမ်း ကားလမ်း နံဘေးရှိ စိုစိုပြေပြေကုမ္ပဏီ၏ ပန်ခန့်ရော်ဘာစိုက်ပျိုးရေးခြံသို့ ရောက်ရှိကြရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းအိုက်အေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် စိုက်ပျိုးရေးခြံညွှန်ချုပ်မှူး စိုစိုပြေပြေကုမ္ပဏီ ရော်ဘာစိုက်ခင်းတာဝန်ခံ ဦးအောင်ကျော်မိုးက မူဆယ်မြို့နယ် တိန်းလုံကျေးရွာနှင့် နမ့်ပန်ကျေးရွာတို့တွင် ရော်ဘာစိုက်ပျိုးရန် မြေဧက ၈၆၀ ကို မြေပြုပြင်နေမှုကိုလည်းကောင်း၊ မြန်မာ့စက်မှု သီးနှံများ ဖွံ့ဖြိုးရေးလုပ်ငန်း (နှစ်ရှည်ပင်)မှ ခရိုင်မန်နေဂျာ ဦးလှိုင်ကျော်ဦးက ရော်ဘာပင် အဖူးကူးနည်းစနစ်များကို လက်တွေ့ ပြသ၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ပြည်နယ် အတွင်းရှိ ရော်ဘာလုပ်ငန်းရှင်များအား ရော်ဘာထွက်ရှိမှု နှစ်ဆ တိုးတက်စေရန် ပညာရှင်များ၏ အကူအညီဖြင့် နည်းပညာများ ဖြန့်ဝေပေးမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# NLD ပါတီခေါင်းဆောင်များ၏ ကိုယ်ကျိုးရှာလုပ်ရပ်များကို စိတ်ပျက်၊ အနောက်နိုင်ငံကြီးအချို့အပေါ် မှီခိုအားထားလွန်းမှု၊ ညွှန်ကြားချက်များလိုက်နာပြီး နိုင်ငံနှင့် လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေမှုတို့ကြောင့် စစ်ကိုင်းမြို့နယ်မှ ပါတီဝင် နှစ်ဦး နုတ်ထွက်

ရန်ကုန် မေ ၂၄

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မြင်းဆည်ကျေးရွာနေ ဦးကြည်မောင်နှင့် ဦးမင်းဟန်တို့ နှစ်ဦးသည် မေ ၁၅ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီခေါင်းဆောင်များ၏ ကိုယ်ကျိုးရှာလုပ်ရပ်များကို စိတ်ပျက်လာကြောင်း၊ အနောက်နိုင်ငံကြီးအချို့အပေါ် မှီခိုအားထားလွန်းမှု၊ သံရုံးများမှတစ်ဆင့် ညွှန်ကြားချက်များကို လိုက်နာအကောင်အထည်ဖော်ပြီး မိမိနိုင်ငံနှင့် လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်းကို လုပ်ဆောင်နေမှုတို့ကြောင့် ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုခြင်း မရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)